မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၂၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြိုဆို နှုတ်ဆက်

ပြည်ထောင်စုမြန်မာ နိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော်ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့နံနက် ၁၀ နာရီက အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိလာရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် သံရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၂ ရက်)

ဆည်တမံများကို အကျိုးရှိစွာ အသုံးပြု သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်း

ပဲခူးတိုင်း ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဘိုင်းဒါး ရေလွှဲဆည်ကို မေလ ၁၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ဘိုင်းဒါးရေလွှဲဆည်သည် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အရှည် ၅၇ မိုင်ရှိပြီး စိုက်ပျိုးမြေ ဧက ၄၆၇၀၀ကို ဆည်ရေပေးနိုင်မည်ဖြစ်သည်။ မိုးစပါးအတွက်ပျိုးထောင်ရေ၊ အောင်ရေနှင့် နွေစပါးစိုက်ပျိုးရေအတွက်ပါ ရေပေးဝေနိုင်မည် ဖြစ်သည်။

ထို့ပြင် ပြွန်တန်ဆာလွင်ပြင်၌ မိုးအခါ ရေလွှမ်းမိုးမှုနှင့် ရန်ကုန်-မန္တလေးကားလမ်း၊ ရထားလမ်းများပေါ်တွင် မိုးတွင်းကာလ ရေကြီးမှုမှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

လယ်မြေများ ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်သဖြင့် ရေကြီးရေနက်ကွင်းများ အဖြစ်မှ ရေတော်မိုးတော် လယ်မြေများအဖြစ် ပြောင်းလဲလာသည့်အတွက် မိုးစပါး၊ နွေစပါးနှင့် သီးနှံဧက ကိုးသောင်းကျော်ကို စိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။ ဒေသခံ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝလည်း မြင့်မားလာမည် ဖြစ်သည်။

ဒေသခံပြည်သူများသည် ဆည်ရေကို အကျိုးရှိစွာအသုံးချပြီး သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဘိုင်းဒါးရေလွှဲဆည် အပါအဝင် တစ်နိုင်ငံလုံး၌ ဆည်တမံစုစုပေါင်း ၁၉၉ခု တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လယ်မြေ ဧက ၂ဒသမ ၆၃ သန်းကျော်ကို အကျိုးပြုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တည်ဆောက်ပေးထားသော ရေလှောင်တမံနှင့် ရေထိန်း တံခါးများကို သားစဉ်မြေးဆက် ရေရှည်အကျိုးရှိစွာ အသုံးပြုသွားနိုင်ရေး၊ ရေရှည် တည်တံ့ရေးတို့အတွက် တောင်သူလယ်သမားများ အပါအဝင် တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း စုစည်းမဟာဗျူဟာစီမံချက် ဒုတိယဆင့်ဖွင့်
တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၁

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်သည် မေ ၁၄ ရက် နံနက် ၈နာရီက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း သာလွန်ခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်း သင်တန်းအမှတ်စဉ်(၁/၂၀၀၇) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီဝင်များ၊ သင်တန်းသားများ တက်ရောက်ကြပြီး အဆိုပါသင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်း အစုလိုက်ဝက်သက် ကာကွယ်ဆေးထိုးလုပ်ငန်း စုစည်းမဟာ ဗျူဟာစီမံချက် ဒုတိယဆင့် ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက် တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့် ဇနီးဒေါ်ခင်သောင်း၊ ဦးစီး အရာရှိကြီးများနှင့်ဇနီးများ တက်ရောက် ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းက ဧရာဝတီတိုင်း အတွင်း အစုလိုက်ဝက်သက် ကာကွယ် ဆေးထိုးလုပ်ငန်း စုစည်းမဟာဗျူဟာ စီမံချက် ဒုတိယဆင့် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကာကွယ်ဆေး ထိုးလုပ်ငန်းအား သတ်မှတ်ရက်အလိုက် ရပ်ကွက်၊ ကျေးရွာများတွင် ဆောင်ရွက် မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် တိုင်းမှူးနှင့် တက် ရောက်လာသူများသည် ခန်းမအတွင်း အမှတ် (၄) ရပ်ကွက်ရှိ ရင်သွေးငယ် များအား ကျန်းမာရေးဝန်ထမ်းများက ဝက်သက်ကာကွယ်ဆေး ထိုးနှံနေမှုကို ကြည့်ရှုအားပေးပြီး ဆေးထိုးနှံသော ရင်သွေးငယ်များအား တိုင်းမှူးက တစ်ဦး ချင်း လက်ဆောင်ပစ္စည်းများ ပေးအပ် က**(အပေါ်ပုံ)** အခမ်းအနားကိုရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးတင်လှ-ဒေါ်အေးအေးကြည် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ မိသားစုတို့က ဆေးငွေပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေး အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာ ရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

ဦးရွှေမြအား ရည်စူး၍ အမှတ် ၃၅ သုနန္ဒာ ၂လမ်း သုမင်္ဂလာအိမ်ရာ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အေးအေးကြွယ် မိသားစုနှင့် ဦးမျိုးသန့်-ဒေါ်နန်းဦးခိုင် မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး၊ ငွေပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ် ကြီးအတွက် အလှူငွေကျပ် ခုနစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးလှရွှေ လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၂၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မွေးမြူသုတ
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၈)

တိပိဋကဓရ စာအောင်သံဃာတော်များ အပူဇော်ခံကြွရောက်ပါရန်ပင့်လျှောက်ထား

ရန်ကုန် မေ ၂၁

နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲသို့ ဤအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကိုခံယူ၍ ဖြေဆို၊ ပြန်ဆိုအောင်မြင်တော်မူကြသော တိပိဋကဓရ အရှင်အဘိဇာတာဘိဝံသနှင့် ဝိသိဋ္ဌ မူလအာဘိဓမ္မိက အရှင်ဝါသေဋ္ဌလင်္ကာရတို့ အပါအဝင် စာအောင် သံဃာအပါး၅၀တို့ထံ (နယုန်လဆန်း ၁၂ရက်)မေ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲအရောက် တိပိဋကဓမ္မရက္ခိတဗိမာန်တော်သို့ အပူဇော်ခံ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်စာများ စာတိုက်မှတစ်ဆင့် ပေးပို့ ဆက်ကပ်ထားပြီး ဖြစ်သည်။

ယခုအခါ တစ်ရက်ကြိုတင်၍ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ရန် စီစဉ်လျက်ရှိပါသဖြင့် စာအောင်သံဃာတော်များမှ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်သို့ မေ ၂၆ ရက်(စနေနေ့)မွန်းလွဲ ၂ နာရီအရောက် ကြွရောက် ချီးမြှင့်တော်မူပါရန် ပင့်လျှောက်အပ်ပါကြောင်းနှင့် ဆွမ်း အလှူရှင်များ၊ ငွေပဒေသာပင် အလှူရှင်များအနေဖြင့် ဖိတ်စာအချိန်မီ မရောက်ရှိပါကလည်း ကြွရောက်ကြည်ညိုပူဇော်ကြပါရန် ဖိတ်ကြား ပါကြောင်းနှင့် လှူဒါန်းပူဇော်လို သူများ အဖွဲ့ရုံး အမှတ် ၁၅၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်းမြို့နယ်၊ ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

22-5 (02) 1 5/21/07, 1:28 PM

အောင်လံနှင့်တောင်တွင်းကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် မေ၁၈ရက် နံနက်၇နာရီခွဲက နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း မိုင်တိုင် ၃၇/၆မိုင်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ပျဉ်းမနားမြို့နယ် ဝွေးချိုလမ်းဆုံသို့ နံနက်၉နာရီတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝွေးချိုရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)မှမကွေးတိုင်း လက်ထောက်အင်ဂျင်နီယာ ဦးထင်ကျော်က ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တစ်လမ်းသွားမှ နှစ်လမ်းသွား တိုးတက်ပြုပြင်ခြင်းလုပ်ငန်း မြေသားလမ်းချဲ့ခြင်း၊ ကျောက်စီခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းပြီးဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တစ်လမ်းသွားမှ နှစ်လမ်းသွားအဖြစ် မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ချောလမ်းချဲ့ခြင်း လုပ်ငန်းကို ပျဉ်းမနားလမ်းပိုင်းနှင့် တောင်တွင်းကြီးလမ်းပိုင်း နှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားအပိုင်း မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုမှာ ၁၆မိုင် ဖြစ်ပြီး၊ တောင်တွင်းကြီးအပိုင်း မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုမှာ ၁၅မိုင်ဖြစ်ကာ မူလ ပေ၂၀လမ်းကို ပေ၄၀အထိ မြေသားလမ်းတိုးချဲ့ခြင်း ဖြစ်သည်။

ကျောက်ခင်းလမ်းချဲ့ထွင်

ပျဉ်းမနားအပိုင်း ကျောက်ချောလမ်းချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုမှာ၁၀မိုင်နှစ်ဖာလုံဖြစ်ပြီး တောင်တွင်းကြီးအပိုင်း ကျောက်ချောလမ်းချဲ့ခြင်း လုပ်ငန်း ပြီးစီးမှုမှာ ကိုးမိုင်ဖြစ်ကာ မူလ ၁၂ပေ လမ်းကို ၂၄ပေအထိ ကျောက်ခင်းလမ်းချဲ့ထွင်ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် ၄၇/၃ရှိ သစ်တောရေးရာဝန်ကြီးဌာန ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ၂၀၀၄-၂၀၀၅ ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၃၀၀ နှင့် ၂၀၀၅-၂၀၀၆ ခုနှစ်သီးခြားကျွန်းစိုက်ခင်းဧက ၈၀၀ စိုက်ပျိုးမှု အခြေအနေများ၊ ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျာထားဧက ၄၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ခုနှစ် ဒေသဥ္စဖြစ်ထွန်းသည့် သစ်(ယင်းမာ)စိုက်ခင်းဧက ၅၀စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျွန်းစိုက်ခင်းနှင့်ယင်းမာပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းအတွင်း ယင်းမာပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

၂၀၀၇-၂၀၀၈ခုနှစ်တွင် ဒေသဖြစ်ထွန်းသစ် (ယင်းမာ)စိုက်ခင်းဧက ၅၀ မှ ယနေ့အထိ သုံးဧက စတင်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနား-တောင်ညို- တောင်တွင်းကြီးလမ်း တောင်တွင်းကြီးအပိုင်း မိုင်တိုင်၅၄/၂၌ လမ်းသား တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးတိုင်း အင်ဂျင်နီယာမှူး ဦးအောင်ကျော်မြင့်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာအနီး ရန်ပယ်ဆည်ရေသောက် နေ့စပါးပန်းတိုင်ဧရိယာ ဧက၁၅၀စိုက်ကွင်းသို့ ရောက်ရှိကြပြီး စိုက်ကွင်းအတွင်းနွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးကျော့မောင်က လိုက်လံရှင်းလင်းပြသပြီး ၂၀၀၆-၂၀၀၇ခုနှစ်နှင့် ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးစိုက်ပျိုးမည့် အခြေအနေများကို တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားကာ ဝက္ကသေးကျေးရွာ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ပယ်လက်ဝဲမြောင်းလက်တံ (၂-က)တိုးချဲ့ရေပေးမြောင်းဖောက်လုပ်ခြင်း၊ လက်တံ(၂-က)မြောင်းထိပ်သို့ ရောက်ရှိကြရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းတင်က ရန်ပယ်ရေလှောင်တမံဆည်ရေသောက် ဧရိယာကွင်း အညွှန်းပြမြေပုံဖြင့် ရန်ပယ် လက်ဝဲမြောင်းလက်တံ (၂-က) တိုးချဲ့ရေပေးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါရေပေးမြောင်းမှာ အလျားပေ ၁၉၄၀၀၊ အောက်ခြေ အကျယ် ၅ဒသမ ၅ ပေရှိပြီး အကျိုးပြုဧရိယာမှာ ဧက ၈၀၀ဖြစ်သည်။ လုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေကြောင်းသိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် ငါးဧက၊ အပင် ၆၀၀၀စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးကာ ကျေးရွာတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီး-အောင်လံ- သရက်-ပြည်လမ်းမှ အောင်လံမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအနီး မိုင်တိုင် ၂၃၁/၁၃၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်လံမြို့နယ် ရွှေညောင်ပင်အုပ်စုအနီး မိုင်တိုင် ၂၂၄ရှိ မျိုးသန့်အဆင့်(၁) မျိုးပွားစံပြကွက် ဆင်းသွယ်လတ် စပါးဧက ၅၀ နွေစပါးစိုက်ကွင်းသို့ ရောက်ရှိကြပြီး နွေစပါး စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား၍ ကျေးရွာတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

တာဝန်ယူဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်-မန္တလေးလမ်း အောင်လံမြို့နယ် မိုင်တိုင် ၂၁၁/၂၁၂အတွင်း ပြည်ဘက်ကမ်းနှင့် အောင်လံဘက်ကမ်းကို ဆက်သွယ်၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဘွက်ကြီးချောင်းကူးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ မွန်းလွဲ၁ နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ တိုင်းအင်ဂျင်နီယာမှူး ဦးတင့်လွင်က ဘွက်ကြီးတံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင် ပြည်ဘက်ကမ်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရေး မှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်အောင်လံဘက်ကမ်း ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတံတား အရှည်ပေ ၁၇၇၀၊ တံတားအကျယ် ၃၄ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ (နှစ်လမ်းသွား)၊ လူသွားလမ်း အကျယ် ခြောက်ပေ (တစ်ဖက်သုံးပေ) ဖြစ်ပြီး တံတားအောက်ရေလမ်း ကင်းလွတ်နယ် အကျယ် ၇၈ပေ၊ အမြင့် ရှစ်ပေဖြစ်ကာ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၆-၆-၂၀၀၄ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

ချဉ်းကပ်တံတားနှစ်ခုလုံး ပြီးစီးပြီး ရေလယ်ပင်မတံတားပေအရှည်၆၀၀မှာ ရေလယ်တိုင်များအားလုံး စိုက်ထူပြီး ကွန်ကရစ်ရက်မများ တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုင်တိုင် ၀/၀မိုင်မှ ၁၉/၃မိုင်အထိ ကိုးပင်-စမ်းမကြီး-သစ်ရာကောက် ဖြတ်လမ်း ကိုးပင်ရွာလမ်းခွဲသို့ ရောက်ရှိပြီး လမ်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် မိုင်တိုင် ၂၆၂/၄ရှိ စုပေါင်းသစ်ပင်စိုက်ပျိုးဥယျာဉ်နှင့် ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းပျိုးခြံသို့ ရောက်ရှိကြပြီး ပျိုးထောင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်သစ်တောဦးစီးမှူးက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကိုးပင်-စမ်းမကြီး-သစ်ရာကောက် ဖြတ်လမ်း မိုင်တိုင် ၅/၆ရှိ ပြည်သာယာစိုက်ပျိုးရေးလုပ်ငန်း ကုမ္ပဏီလီမိတက် ကိုးပင်ဒေသ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်သာယာစိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား မန်နေဂျာ ဦးထွန်းဝေက ပြည်သာယာစိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီလီမိတက် စိုက်ကွင်းစီမံကိန်း၏ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့မှု၊ ရည်ရွယ်ချက်၊ ဆောင်ရွက်မည့်လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ နှစ်ရှည်ပင်စိုက်ပျိုးမှု၊ ပျိုးထောင်မှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကိုးပင်-စမ်းမကြီး-သစ်ရာကောက်ဖြတ်လမ်း လုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာ ဦးအောင်ကျော်မြင့်က ကိုးပင်-စမ်းမကြီး-သစ်ရာကောက် ဖြတ်လမ်း ဖောက်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ အဆိုပါ လမ်းပိုင်းမှာ မိုင်၀/၀ မှ ၁၉/၃အထိ ၁၉မိုင် ၃ဖာလုံရှိပြီး ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်များမှ အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်ကြကြောင်း သိရှိရသည်။

ခရိုင်ချင်းဆက်လမ်း

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မကွေးတိုင်းစည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်းနှင့် မကွေးတိုင်း နယ်နိမိတ် အိုင်မနက်ချောင်းမှစတင်၍ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ ဆင်ပေါင်ဝဲမြို့နယ်များကို ဖြတ်သန်းကာ မကွေးတိုင်းနှင့် ပဲခူးတိုင်းနယ်နိမိတ်ဖြစ်သည့် အောင်လံမြို့နယ် ဗျန်ဒီကျေးရွာအနီး ပွိုင့် ၈၇၇ အထိဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းအရှည် ၅၃/၃ မိုင်တာဝန်ယူဆောင်ရွက်ပြီး မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ၇၅/၃မိုင် တာဝန်ယူဆောင်ရွက်ကာ စုစုပေါင်း ၁၂၈/၅မိုင် ဖြစ်သည်။

ယခုအခါ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူထားသည့် လမ်းပိုင်းအနေဖြင့် ၁၄/၄ မိုင် ကတ္တရာလုပ်ငန်းပြီးစီးနေပြီး ၁၈/၄ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ ပေ ၄၀ ရှိ ရေကျော်တစ်စင်း ဘိလပ်မြေလောင်းခြင်းလုပ်ငန်း၊ ပေ ၁၀၀၀ ကျောက်စီရေမြောင်း ဘိလပ်မြေလောင်းခြင်းလုပ်ငန်း၊ သုံးပေရေပြွန် ၁၀စင်း ဘိလပ်မြေလောင်းခြင်းလုပ်ငန်းများ ပြီးစီးနေကြောင်းနှင့်ကျန်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေး-သစ်ရာကောက်-ကိုးပင်-အောင်လံ ဖြတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ မကွေးမြို့နယ် သစ်ရာကောက်လမ်းဆုံသို့ရောက်ရှိပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိုမိုအဆင်ပြေ

အဆိုပါ မကွေး-သစ်ရာကောက်-ကိုးပင်-အောင်လံဖြတ်လမ်း ဖောက်လုပ်ပြီးစီးသွားသည့်အတွက် မူလလမ်းအရှည်ထက် ၂၆မိုင်၂ဖာလုံ တိုတောင်းသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ ရန်ကုန်မှ မကွေးသို့ သွားလာရာတွင် အချိန်တိုအတွင်း ဆက်သွယ်သွားလာမှု ပိုမို အဆင်ပြေ ချောမွေ့သွားကြောင်း သိရှိရသည်။

အောင်လံမြို့နယ်အတွင်း နွေစပါး လျာထား ဧက ၆၄၀၀၊ စိုက်ပျိုးပြီး ၆၄၆၉ ဧကဖြစ်သည်။ တောင်တွင်းကြီးမြို့နယ်အတွင်း နွေစပါး လျာထား ဧက ၂၃၅၀၊ စိုက်ပျိုးပြီး ဧက ၂၄၁၀ ဖြစ်သည်။ ကြက်ဆူပင် စိုက်ပျိုးမှုမှာ ယခုနှစ်အတွင်း အောင်လံမြို့နယ်အတွင်း လျာထား၅၁၁၉ဧက၊ တောင်တွင်းကြီးမြို့နယ်အတွင်း လျာထား ၁၅၄၇၁ဧက ဖြစ်ပြီး ယခုအခါ မိုးများစတင်ရွာသွန်းနေပြီဖြစ်၍ မြို့နယ်အလိုက် စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး မကွေးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တောင်တွင်းကြီးအပိုင်းအား လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘာအရေးကြီးသလဲ

သကြ်န်အကြိုနေ့တွင် ကျွန်တော်ဆေးရုံမှ ဆင်းခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် ယခုနှစ်သကြ်န်တွင် အိမ်မှာပင် အနားယူရပါသည်။ စာအုပ်ဗီရိုထဲမှ ဘယ်နှစ်ကြိမ်ဖတ်ဖတ် မရိုးနိုင်သော"ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ"စာအုပ်ကိုယူ၍ ဖတ်ရှုမိပါသည်။ ဗိုလ်ချုပ်၏ အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းထဲမှ နိုင်ငံရေးနှင့်ပတ်သက်၍ ပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

"နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ် နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည် မဟုတ်။ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာ ဖြစ်ပေ၏။ နိုင်ငံရေးဆိုတာ ဘာလဲဟု မေးဖွယ်ရာ ရှိပြန်၏။ ကျွနုပ်တို့သည် သာမန်ပုထုဇဉ် လူသားများဖြစ်သောကြောင့် နိုင်ငံရေးကို မလုပ်သင့်။ နိုင်ငံရေးသည် အလွန်မြင့်မြတ်သည့်အတွက် ကျွနုပ်တို့နှင့် မတန်ရာ၊ လေးမြတ်စွာ ရှမျှော်ရန်သာလျှင်ရှိသည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးဆိုသည်မှာ အချို့သော လူညာလူလိမ်တို့က တောအုံကနား ကျေးတောသား လူရိုးလူအတို့ကို အတိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို တွင်တွင်ကြီးဟောပြော၍ ထိုသူတို့၏ မနောအကြိုက်ကိုလိုက်ကာ အငိုက်ကိုဖမ်းပြီးနောက် စားပေါက်ထွင်ကြသည့် ကိစ္စဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကန္တာရခရီးပမာ ကြောက်မက်ဖွယ်သော၊ အန္တရာယ်များစွာရှိသော အရေးကိစ္စ ဖြစ်သောကြောင့် ကျွနုပ်တို့ တတ်သာလျှင် ရှောင်ရှားသင့်

ဘယ်သူတွေဘာပြောပြော၊ ဘယ်သူတွေသွေးခွဲခွဲ၊ ဘယ်သူတွေ ဘာလုပ်လုပ် အပျက်ပြားမခံဘဲ စည်းလုံး ညီညွတ်စွာဖြင့် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်း အတည်ပြုပြီး ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာအောင် တည်ဆောက်ကြ။

သည့် ကိစ္စဖြစ်သည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကျွနုပ်တို့ ပြောလေ့ပြောထရှိသည့်အတိုင်း အမျိုးဘာသာ၊ သာသနာဟုပင် ဆိုရမည်လော။

"နိုင်ငံရေးသဘောအမှန်မှာ ကျွနုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည်လည်း မဟုတ်၊ နိမ့်ကျလွန်းသည်လည်း မဟုတ်၊ မျက်လှည့်ဗေဒင်လည်း မဟုတ်၊ အဂ္ဂိရပ်လည်း မဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလမ်းလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရောစိတ်ဓာတ်နှင့် လုပ်သောအရေးကိစ္စလည်း မဟုတ်၊ ကျွနုပ်တို့ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင်ဖြစ်ပေ၏။"

နိုင်ငံရေးဆိုသည်မှာ ကျွနုပ်တို့၏ လူမှုဘဝ ပတ်ဝန်းကျင်တွင် လက်ရှိ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေအနေပေါ်တွင် မူတည်၍ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်ဆုံးဖြတ်ပြီး ဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း ဗိုလ်ချုပ်က ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသော အခြေအနေသည် အမေရိကန်နိုင်ငံတွင် ဖြစ်ပွားပေါ်ပေါက်နေသော အခြေအနေနှင့် လည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင် ဖြစ်ပွားပေါ်ပေါက်နေသော အခြေအနေနှင့် လည်းကောင်း မတူညီနိုင်ပေ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သူတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေကြပါသည်။ အိန္ဒိယနိုင်ငံသည်လည်း သူတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေပေါ်တွင်မူတည်၍ သူတို့နှင့် ကိုက်ညီမည့် နိုင်ငံရေးပုံစံဖြင့် တိုင်းပြည်ကို ထူထောင်နေကြရပါသည်။ ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်လည်း ကျွန်တော်တို့နိုင်ငံတွင် ပေါ်ပေါက်ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ်မူတည်၍ မိမိတို့ နိုင်ငံနှင့်ကိုက်ညီမည့် နိုင်ငံရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြရပါမည်။

ယခုအခါ ကျွန်တော်တို့သည် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် နိုင်ငံရေး အနက်အဓိပ္ပာယ်အတိုင်း ကျွန်တော်တို့ နိုင်ငံ၏ လူမှုပတ်ဝန်းကျင်၌ ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ် မူတည်ပြီး တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်ကာ ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မကြာမီ ထိုအခြေခံဥပဒေကြီး ပေါ်ထွန်းလာပါတော့မည်။ ပြည်သူလူထုတစ်ရပ်လုံးက ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို တစ်ခဲနက် ထောက်ခံအတည်ပြုကြမည်လည်း ဖြစ်ပါသည်။

ကျွန်တော်သည် စာရေးဆရာတစ်ယောက် မဟုတ်ပါ။ စာနယ်ဇင်းသမားတစ်ယောက်လည်း မဟုတ်ပါ။ နိုင်ငံရေးသုခမိန် တစ်ယောက်လည်း မဟုတ်ပါ။ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်ပြေးလွှား လုပ်ကိုင်နေရသော သာမန် ပြည်သူတစ်ယောက်သာ ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်၏လတ်တလော အခြေအနေအရ ၁၃၆၈ ခုနှစ်အတွင်းတွင် နေ့စဉ်ထုတ် သတင်းစာများ၌ နိုင်ငံရေးဆောင်းပါးများ ရေးသားခဲ့ရပါသည်။ ဤသို့ရေးခြင်းမှာလည်း နိုင်ငံသားတစ်ယောက်၏ တာဝန်အရ ဖြစ်ပါသည်။

ယနေ့သည် သကြ်န်အတက်နေ့ ဖြစ်သည်။ ၁၃၆၈ ခုနှစ်၏ နောက်ဆုံးနေ့လည်း ဖြစ်ပါသည်။ ဤဆောင်းပါးသည် ၁၃၆၈ခုနှစ်တွင် ကျွန်တော် ရေးသားခဲ့သော နောက်ဆုံးဆောင်းပါး ဖြစ်သည်။ ဘယ်အရာမှ မတည်မြဲသော အနိစ္စတရားဖြင့် ဆင်ခြင်ပါက ဤဆောင်းပါးသည် ကျွန်တော် ငါးမင်းဆွေ၏ နောက်ဆုံးဆောင်းပါးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

ငါးမင်းဆွေ

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထု စာဖတ်ပရိသတ်များခင်ဗျား– ကျွန်တော် ယနေ့ဖတ်ရှုခဲ့သော ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့တွင် မြို့တော်ခန်းမ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ၌ နောက်ဆုံးပြောကြားခဲ့သည့် မိန့်ခွန်းအပိုဒ်တစ်ခုကို မြန်မာပြည်သူလူထုတို့၏ နှလုံးသားထဲမှာစွဲပြီး အာဂုံဆောင် အလွတ်ရနေစေရန်အတွက် ရေးသားဖော်ပြ ပေးလိုက်ပါသည်။

"အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသား လူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော်မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထု ညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လဲ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖာသယ်တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်"

ညီအစ်ကို သားချင်းများဖြစ်ကြသည့် ငြိမ်းချမ်းရေး မယူရသေးသော တိုင်းရင်းသား တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံတော်အစိုးရကို အတိုက်အခံပြု ဆန့်ကျင်ဝေဖန်နေသော နိုင်ငံရေး ပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဟိုရောရော၊ ဒီရောရော လုပ်နေသော စစမျိုးဆက် "ရောကျောင်းသားကြီးများ" ခင်ဗျား– အထက်ပါ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားခဲ့သော မိန့်ခွန်းအပိုဒ်ကို လူကြီးမင်းတို့၏ နှလုံးသားထဲမှာစွဲပြီး အာဂုံဆောင် အလွတ်ရသည်အထိ အကြိမ်ကြိမ် ဖတ်ရှုစေလိုပါသည်။ "တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီ ညီညွတ်ရေးနှစ်ခု မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လဲ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဖာသယ်တိုင်းပြည် ဖြစ်နေမှာပဲ" ဆိုတဲ့ ဗိုလ်ချုပ်၏မိန့်ခွန်းကို လူကြီးမင်းတို့ နှလုံးသားထဲစွဲပြီး အလွတ်ရလာသောအခါ လူကြီးမင်းတို့ ဘာဆက်လုပ်သင့်သည်ကို အမြင်မှန်ရလာပြီး အစိုးရ၊ ပြည်သူလူထုတို့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လာကြမည်ဟု မျှော်လင့်မိပါသည်။

အမြင်မှန်မရသော လူကြီးမင်းတို့ကတော့ ငါတို့က တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်နေကြတဲ့ သူတွေပါလို့ ပြောလာစရာရှိပါသည်။ ဒါကို ကျွန်တော် လက်ခံသဘောတူပါသည်။ ယင်းသို့ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ဆောင်ရာတွင် အီရတ်နိုင်ငံမှ အသေခံဗုံးခွဲသမားများလို ကိုယ်လည်းသေချင်သေ၊ ပတ်ဝန်းကျင်မှ လူတွေလဲ အားလုံးကိစ္စချောစေမည့် ကိုယ်ကျိုးစွန့် အနစ်နာခံမှုမျိုးကိုတော့ မြန်မာပြည်သူလူထု တစ်ရပ်လုံးက လုံးဝလက်ခံနိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထု ညီညွတ်ရေးတို့ကို ထိခိုက်ပျက်ပြားအောင်လုပ်နေသော လူကြီးမင်းတို့၏ လုပ်ရပ်သည် နိုင်ငံသူနိုင်ငံသားများကို ထိခိုက်နစ်နာစေလျက်ရှိသည်ကို အမြင်မှန်ရသိရှိပြီး အစိုးရ၊ ပြည်သူလူထုတို့နှင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ရန် လိုအပ်နေပါပြီ။

ဒီနေရာမှာ အချို့သော နိုင်ငံရေးလှုပ်ရှားနေသူများကို သီးသန့်ပြောချင်သည်မှာ နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်နှင့် လုပ်လို့မရဘူး ဆိုသည်ပင် ဖြစ်ပါသည်။ နိုင်ငံရေးဆိုတာ လက်တွေ့သဘော ဆောင်ပါသည်။ ထို့ကြောင့် နိုင်ငံရေးသိပ္ပံပညာ (Political Science)ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ ထောင်ထဲမှာ စိတ်ကူးယဉ်ခဲ့သမျှတွေကို မြန်မာ့နိုင်ငံရေးထဲ သွတ်သွင်းဖို့ မကြိုးစားသင့်ပါ။ နောက်ပြီး အင်္ဂလန်တို့၊ အမေရိကန်တို့က လူတွေပြောသည့် နိုင်ငံရေးစကားကို ပုံတူကူးချပြီး မြန်မာနိုင်ငံမှာပြောလျှင် မှားသွားပါလိမ့်မည်။ ဖခင်ဗိုလ်ချုပ်က နိုင်ငံရေးဆိုတာ ကျွနုပ်တို့ပတ်ဝန်းကျင်တွင် ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည့် ကိစ္စဖြစ်တယ်ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေဖြစ်နေသလဲ ဆိုတာကြည့်ပြီး မိမိတို့လူမျိုးတွေအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြရမည်သာ ဖြစ်ပါသည်။

ခင်မင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများခင်ဗျား... ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ တိုင်းရင်းသား ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး ပျက်ပြားခဲ့ပါသည်။ ထိုညီညွတ်ရေးနှစ်ခု ပျက်ပြားခဲ့ခြင်းကြောင့် ကျွန်တော်တို့ တိုင်းပြည်သည် ကမ္ဘာ့ဖွံ့ဖြိုးမှု နောက်အကျဆုံး (LDC) နိုင်ငံအဆင့်သို့ ရောက်ခဲ့ရပါသည်။ ထိုညီညွတ်ရေးနှစ်ခု ပျက်ပြားခဲ့ခြင်းကြောင့် ကျွန်တော်တို့ တိုင်းပြည်သည် ၁၉၈၈ခုနှစ်ကာလတွင် ဖခင်ဗိုလ်ချုပ် ပြောသလို တိုင်ပြည်မျိုး ဖြစ်လုနီးပါး အခြေအနေများ ဆိုးရွားခဲ့ရပါသည်။

ခင်မင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများခင်ဗျား... ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် တပ်မတော်အစိုးရက တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထု ညီညွတ်ရေးကို ဖော်ဆောင်လုပ်ကိုင်ခဲ့ရာ ယခုအခါ တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထု ညီညွတ်ရေးသည် ရာနှုန်းပြည့်နီးပါး ရရှိနေပြီ ဖြစ်ပါသည်။ **ထိုညီညွတ်ရေးနှစ်ခုကို ဘယ်သူတွေ ဘာပြောပြော၊ ဘယ်သူတွေသွေးခွဲခွဲ၊ ဘယ်သူတွေဘာလုပ်လုပ် အပျက်ပြားမခံဘဲ စည်းလုံးညီညွတ်စွာဖြင့် ခိုင်မာသည့်နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်း အတည်ပြုပြီး ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာအောင် တည်ဆောက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းပန်ကြားအပ်ပါသည်။ ။**

မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသော အခြေအနေသည် အမေရိကန်နိုင်ငံတွင် ဖြစ်ပွားပေါ်ပေါက်နေသော အခြေအနေနှင့် လည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင် ဖြစ်ပွားပေါ်ပေါက်နေသော အခြေအနေနှင့်လည်းကောင်း မတူညီနိုင်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သူတို့နိုင်ငံတွင် ဖြစ်ပေါ် နေသော အခြေအနေနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေကြ။ အိန္ဒိယနိုင်ငံသည်လည်း သူတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေပေါ်တွင်မူတည်၍ သူတို့နှင့်ကိုက်ညီမည့် နိုင်ငံရေးပုံစံဖြင့် တိုင်းပြည်ကိုထူထောင်နေကြရ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လည်း ကျွန်တော်တို့နိုင်ငံတွင် ပေါ်ပေါက်ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ်မူတည်၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် နိုင်ငံရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြရပါမည်။

22-5 (04) 1 5/21/07, 1:28 PM

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူနေသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂပဏ္ဍိတအား တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဖူးမြော်၊ ကျန်းမာရေးအခြေအနေ မေးမြန်းလျှောက်ထား

နေပြည်တော် မေ ၂၁

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များနှင့်အတူ မေ ၁၅ရက် နံနက် ၁၁နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြသည်။

မေးမြန်းလျှောက်ထား

ထို့နောက် တိုင်းမှူးသည် အထူးကြပ်မတ်ကုသဆောင်၌ ညာဘက်ပေါင်ရိုးတွင် Trochanteric Fracture Right Femurရောဂါဖြင့် Dynamic Hip Screw ခွဲစိတ်ကုသမှုခံယူလျက်ရှိသော စစ်ကိုင်းတိုင်း မုံရွာမြို့ ရန်ကင်းရပ် အသောကာရုံတိုက်မှ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂပဏ္ဍိတအား ဖူးမြော်ကန်တော့ပြီး ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားရာ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးဝင်း၊ ဆေးရုံအုပ် ဒေါက်တာ ဒေါ်တင်တင်မိုး၊ ပါမောက္ခ(မေ့ဆေး)ဒေါက်တာ ဒေါ်ခင်မော်၊ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးဌေးကြွယ်နှင့် အထူးကြပ်မတ်ကုသဆောင်တာဝန်ခံဒေါက်တာ ဦးမောင်ဝင်းတို့က ဆေးဝါးကုသပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်တိုင်းမှူးသည်ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများနှင့်အတူ လက်တွန်းထိုင်ခုံ(Wheel Chair) တစ်လုံးအား ဆက်ကပ်လှူဒါန်းသည်။

ဝန်ထမ်းအိမ်ရာ

ထိုမှတစ်ဆင့်တိုင်းမှူးသည်ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၅x၇၆လမ်း၊၁၀x၁၁ လမ်းကြားရှိမန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိရာ အောင်ကောင်းကျော် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာဒေါ်ဆွေသဇင်က အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာအကျယ်အဝန်းနှင့် ဆောက်လုပ်မည့်ပုံစံတို့အား ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး ပြန်လည် ထွက်ခွာသွားကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက် ခွဲစိတ်ကုသမှု ခံယူလျက်ရှိသော မုံရွာမြို့ အသောကာရုံတိုက် ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရုဘဒ္ဒန္တအဂ္ဂပဏ္ဍိတအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေ မြို့နယ် ဗိုလ်ချုပ်ရေအိုးစင်လမ်း အမှတ်(၂၀-အေ) သုံးလွှာနေ ဦးမြင့်စိုးအောင်-ဒေါ်ဇင်မာမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျားကွက်သစ်(စံပြ) ရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ကျားကွက်သစ် (စံပြ) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်းက လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကတ်ပြားထုတ်ပေးဆောင်ရွက်မှုလုပ်ငန်းအဆင့်ဆင့်နှင့် လုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး**(အပေါ်ပုံ)**တာဝန်ရှိသူအသီးသီးက နိုင်ငံသား စိစစ်ရေးကတ်ပြားများအား ပြည်သူလူထုလက်ဝယ်သို့ ပေးအပ်သည်။

အားပေး

ယင်းနောက် တိုင်းဦးစီးဌာနမှူးနှင့် အဖွဲ့သည် တာမွေမြို့နယ်အတွင်း နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး လုပ်ရှားမှုအဖြစ် ပူးပေါင်း ဆောင်ရွက်ပေးနေသော ကျားကွက်သစ်(စံပြ) ရပ်ကွက်၊ မလ္လကုန်းဌေးကြွယ်ရပ်ကွက်၊ ဗိုလ်ချုပ်ရေအိုးစင် ရွာမရပ်ကွက်၊ မာန်အောင်ရပ်ကွက်များသို့ သွားရောက်ကြကာ အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း အမှတ်(၁၀၂)နေ ဒေါ်မြင့်မြင့်စိန်နှင့် သားသမီး၊ မြေးတစ်စုက ဒေါ်မြင့်မြင့်စိန်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (က-ပ)

အနန္တလောကသီရိစေတီတော် ရွှေထီးတော်တင်လှူပူဇော်

ပုတာအိုခရိုင် နောင်မွန် မြို့နယ် ပန်နန်းဒင်မြို့၌ ဥဇ္ဇဏ်တော်အမြင့် ၁၈ တောင်ရှိ ရွှေတိဂုံပုံတူ အနန္တလောကသီရိ စေတီတော် ရွှေထီးတော် တင်မင်္ဂလာ အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပရာ အခမ်းအနားသို့ ပင့်သံဃာတော် ငါးပါး ကြွရောက်တော်မူကြပြီး အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန် နံနက် ၁၁ နာရီခွဲတွင် ရွှေထီးတော်အား စေတီတော်၏ အထွတ်၌ တင်လှူပူဇော်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရေနံချောင်းတွင် သက်ကြီးဘိုးဘွားပူဇော်

ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရပ်ကွက် ၁၄ရပ်ကွက်မှ အသက် ၈၀ကျော် အဘိုး၊ အဘွား ၄၄၇ဦးအား ဆန်နှင့်ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ရက် မွန်းလွဲ၂နာရီက ဆုံတိုက်ရပ် လည်ပေါ်သာသနာ့ဗိမာန်တော်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(၂၉၇)

မီးသတ်တပ်ဖွဲ့နေ့ ခင်ဦး၌ ကျင်းပ

ခင်ဦးမြို့ မြကန်သာရပ်ကွက် မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်လွင်က(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းကို ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးတင်မောင်သိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မီးသတ်စခန်းမှူး ဦးအောင်ဇော်ဌေးနှင့် တပ်ဖွဲ့ဝင်များက ဆီမီးငြိမ်းသတ်မှုနှင့် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုများ လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

နွေရာသီ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်

စစ်ကိုင်းခရိုင် မြောင်မြို့နယ် နွေရာသီ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲကို မေ ၁ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်က အမှာစကား ပြောကြားပြီး သင်တန်းဆရာ ဦးတင်နိုင်ထွန်းက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကောလင်း ဘူတာသန့်ရှင်းရေး စဉ်ဆက်မပြတ် ဆောင်ရွက်

မြန်မာ့မီးရထားကောလင်းဘူတာ အတွင်းအပြင်သန့်ရှင်းသပ်ရပ်သာယာ လှပမှုရှိစေရေးအတွက် အပတ်စဉ်စနေနေ့တိုင်း မြန်မာ့မီးရထား ဘူတာ ဝန်ထမ်းများက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ၁၂ရက်က ကောလင်း ဘူတာရုံပိုင်ကြီး(အထူး) ဦးဟွန်းမင်းနှင့် ဒုတိယရုံပိုင်များ၊ စာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ (၀၂၆)

ချောင်းဦး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ပွဲအခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို မေ ၁၁ရက် ညနေ ၃ နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ စာထောက်-(၃) ဦးခင်ဝင်းက ချစ်နိုင်(စိတ်ပညာ)၏ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံစာအုပ်မှ ပေါင်းသင်းဆက်ဆံရေးဆောင်းပါးကို လည်းကောင်း၊ ရပ်/သံကျွမ်းကျင်-(၃) ဒေါ်တင်တင်က ဒို့ကျေးရွာဂျာနယ် အတွဲ-၄၊ အမှတ်-၉ ပါ နှုတ်တစ်ရာ စာတစ်လုံး ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ဒုတိယအကြိမ် ဩဝါဒခံယူပွဲ

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၌ ၁၃၆၉ ခုနှစ် နယုန်လဆန်း၁၄ရက်နှင့် ၁၅ရက်(မေ ၂၉ရက်နှင့် ၃၀ရက်)များတွင် တပည့်သံဃာများ စုပေါင်း၍ ဒုတိယအကြိမ် ဩဝါဒခံယူပူဇော်ခြင်းအခမ်းအနား ကျင်းပမည်ဖြစ်ရာ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်များတွင် ပညာသင်ခဲ့ကြသော ဆရာတော်ကြီး၏ အဝေးရောက်တပည့်များ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် နိူးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပြည်သူများသွားလာမှုအဆင်ပြေ၍ စိတ်ချမ်းမြေ့စွာနေထိုင်နိုင်ရေး ဆောင်ရွက် သန့်ရှင်းသပ်ရပ် ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ရေး ပူးပေါင်းလုပ်ကိုင်

ရန်ကုန် မေ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စက်အား၊ လူအားတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၆ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဝဇီယာလမ်း၌ အရှည်ပေ ၆၄၀၀၊ အကျယ် ၁၁ ပေ၊ အမြင့် ငါးပေရှိ ငမိုးရိပ်ချောင်း မြေသားတမံကို စက်ယန္တရားကြီးများဖြင့် မြေဖို့ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အရှည်ပေ ၈၅၀ အထိ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့ကို မြေပုံ၊ စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်ရှိ ခါတော်မိဓမ္မာရုံသို့ ရောက်ရှိပြီး ဓမ္မာရုံဩဝါဒါစရိယ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုပြီး ရပ်ကွက်များ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ရေမဝပ်စေရေးအတွက် ရေထုတ်မြောင်းများ တူးဖော်နေမှုနှင့် နိမ့်ကျနေသောတာများကို မြေပြန်ဖို့ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုကို ဆရာတော်များအား လျှောက်ထားသည်။ အများအကျိုး ဆောင်ရွက်ခြင်းဖြစ်၍ ဆရာတော်များက ဆုတောင်းမေတ္တာပို့သပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ဥက္ကလာပမြို့နယ် ၅/၇ ရပ်ကွက် သံသုမာလမ်းနှင့် ဗြဟ္မစိုရ်လမ်းဆုံရှိရွှေပြည်ခိုင်ညွှာလမ်း မြစ်ထွက်ပေါက်အား ရေစီးရေလာ ကောင်းမွန်ရေးအတွက် လူအားဖြင့် အမှိုက်များ၊ နုန်းများကို အင်တိုက်အားတိုက် တူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သာကေတမြို့နယ် အနော်မာ(၁) ရပ်ကွက် မင်းနန္ဒာလမ်း အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းရှေ့ရှိ မြစ်ထွက်ပေါက်သို့ စီးဝင်သည့် ရေနုတ်မြောင်းအား လူအားဖြင့် အမှိုက်များ၊ နုန်းများကို အင်တိုက်အားတိုက် တူးဖော်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်ရှိ မြစ်ထွက်ပေါက်ရေနုတ်မြောင်းများအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကင်းမြို့နယ် ကျိုက္ကဆံ ရဲရိပ်သာဝင်းအနီးရှိ ခုနစ်ပင်လိမ်ချောင်းအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် Excavator စက်ယန္တရားကြီးဖြင့် နုန်းများတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စစ်ဆေး

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဘေး ဝဲယာတစ်လျှောက်ရှိ အကျယ်နှင့် အမြင့်သုံးပေစီရှိ ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် လူအားဖြင့် အမှိုက်များ၊ နုန်းများ တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပူးပေါင်းဆောင်ရွက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကင်းမြို့နယ်နှင့်ဗဟန်းမြို့နယ်တို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စက်အား၊ လူအားတို့ဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရန်ကုန်မြို့တော်နေ ပြည်သူများ သွားလာမှုအဆင်ပြေ၍ စိတ်ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ရန်ကုန်မြို့တော် ရေစီးဆင်းမှု ကောင်းမွန်စေရန်နှင့် ပိတ်ဆို့မှုများ မဖြစ်စေရန် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလားတူ ရပ်ကွက်နေပြည်သူများကလည်း မိမိအိမ်၊ ခြံဝင်းနှင့် ပတ်ဝန်းကျင်အတွင်းရှိ ရေနုတ်မြောင်းများ ချိုင့်ခွက်များတွင်လည်း ရေမဝပ်ကို အစဉ်သန့်ရှင်း သာယာလှပရေး၊ ကျန်းမာရေးအတွက် ခြင်၊ယင်များနှိမ်နင်းရေး၊ လမ်းများကောင်းမွန်အောင် အမြဲပြုပြင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယခုအခါ မိုးရာသီကျရောက်လာပြီဖြစ်၍ မြို့နယ်၊ ရပ်ကွက်များအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြစ်ထွက်ပေါက် ရေနုတ်မြောင်းများ၊ ချောင်းများကို ရေး၊ ရေမတင်ရေးအတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြို့တော်နေ ပြည်သူများ အနေဖြင့် မြို့တော်အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင် ဖြစ်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်နှင့် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်း ရေနုတ်မြောင်းအား ရေစီးရေလာ ကောင်းမွန်စေရန် တူးဖော် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ သတင်းအချက်အလက်များ လေ့လာဆန်းစစ် ပြည်သူလူထု အကျိုးစီးပွား နိုးကြားတက်ကြွစွာကူညီ အရည်အချင်းပြည့် အသင်းသားများ တိုးတက်အောင်စည်းရုံး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တိုင်းအလုပ်အမှုဆောင်များ လိုက်ပါလျက် မေ ၁၉ ရက်နံနက်ပိုင်းက မန္တလေးတိုင်း မတ္တရာမြို့နယ် လက်ဝဲကြီးကျေးရွာ နိမ္မိတာရာမတိုက် လက်ဝဲကြီးကျောင်း ဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တ ကုဏ္ဍလအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မန္တလေးတိုင်း မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စုမှ ကျေးရွာလူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။

အသင်းဝင်အဆိုပြုလွှာပေး

ရှေးဦးစွာ လမိုင်းကျေးရွာဓမ္မာရုံ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကိုကျင်းပရာ လမိုင်းကျေးရွာအုပ်စု၊ ကြားရွာအုပ်စု၊ ထောင်ကန်ကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်း ကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်စုအလိုက် အသင်းဝင်အဆိုပြုလွှာ ၃၀၀၀ ကို ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံသည်။(ဝဲပုံ)

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘုရားကုန်းကျေးရွာသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် အောက်တောင်ကိုင်းကျေးရွာအရှေ့ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နရာနန္ဒအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် အောက်တောင်ကိုင်းအုပ်စု ကျေးရွာလူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အောက်တောင်ကိုင်းကျေးရွာအုပ်စုမှ စုစုပေါင်းကျေးရွာ ၁၃ အုပ်စုတို့က အသင်းဝင် အဆိုပြုလွှာ ၁၀၀၀၀ ကို ကျေးရွာအုပ်စု စည်းရုံးရေးမှူးများက ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ဒေသခံပြည်သူများက ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးနှင့် ရေကောင်းရေသန့်ရရှိမှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်က ဝေဟင်မကျေးရွာ အတွက်ငွေကျပ်ငါးသိန်း၊ ဟသ်ာကုန်းကျေးရွာ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းစီ၊ မန္တလေး စက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပျဉ်ကာကျေးရွာ၊ အေးကုန်းကျေးရွာနှင့် စက်ထိပ်ကျေးရွာ စာသင်ကျောင်းများ ပြုပြင်ရန်အတွက် ငွေကျပ်ငါးသိန်းစီ၊ Mother Trading Co.,Ltd. မှ ဦးအောင်မြတ်က ရှမ်းတောကျေးရွာ၊ ရွှေချောင်းကျေးရွာနှင့် အောက်တောင်ကိုင်း ကျေးရွာများအတွက် ပညာရေးရန်ပုံငွေကျပ်ငါးသိန်းစီကို ပေးအပ်ကြရာ ကျေးရွာစည်းရုံးရေးမှူးများက လက်ခံကြသည်။

အရှိန်အဟုန်မြှင့်

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် မတ္တရာမြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စဥ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းဆိုင်ရာ စည်းရုံးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေးကိစ္စရပ်များကို မှာကြားပြီး လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်အတွင်းရှိ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရ၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီးနှင့် ချမ်းမြသာစည် မြို့နယ် ခုနစ်မြို့နယ်တို့မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးအား မြို့နယ် အတွင်းရေးမှူးများက မိမိတို့ဒေသ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးရာ တိုင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဝိုင်းဝန်းကူညီ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူတို့နှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ ပြည်တွင်းပြည်ပ သတင်းအချက်အလက်များကို လေ့လာဆန်းစစ်၍ ပြည်သူလူထုအကျိုးစီးပွားကို နိုးကြားတက်ကြွစွာ ဝိုင်းဝန်းကူညီဆောင်ရွက်သွားရေး၊ အရည်အချင်းပြည့်ဝသော အသင်းသားများ တိုးတက်များပြားလာအောင် စည်းရုံးရေး ကိစ္စရပ်များကို အသေးစိတ်မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်နှင့် အသက်မွေးဝမ်းကျောင်းပညာရေး ဟောပြောမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Toyo Battery ၏ ပံ့ပိုးကူညီမှုဖြင့် မေ ၂၆ ရက်(စနေနေ့)မွန်းလွဲ ၂နာရီခွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆရာဦးကျော်နီခင် (Chindwin Technical College) က လူငယ်နှင့် အသက်မွေးဝမ်းကျောင်းပညာရေးခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ပြည်သူများ အတွေးအခေါ်မှန်ကန်ပြီး အသိပညာဗဟုသုတရရှိရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကျေးရွာတိုင်း၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

အလှူရှင်များက စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ(ဒုတိယအကြိမ်) လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး လှူဒါန်းသည့်ပစ္စည်းများကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ တိုင်းခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားစီးပွားရေး ဘဝခိုင်မာတောင့်တင်းရေး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ပြည်သူများ၏ ပညာရည်မြင့်မားရေးဆိုသည့် အခြေခံလိုအပ်ချက်သုံးချက် လိုအပ်ကြောင်း။

နိုင်ငံတော်အတွင်းရှိ ကျေးလက်ပြည်သူများအပါအဝင် လူထုလူတန်းစားအားလုံးတို့အနေဖြင့် အသိပညာ၊ ဗဟုသုတပြည့်ဝရန်နှင့် အတွေးအခေါ်မှန်ကန်ရန်၊ အထူးလိုအပ်ကြောင်း၊ ပြည်သူများအတွေးအခေါ် မှန်ကန်ရန်နှင့် အသိပညာ၊ ဗဟုသုတ ရရှိရန်အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက်ကြရန်လမ်းညွှန်ခဲ့ကြောင်း၊ လူသားအရင်းအမြစ်၊ လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အသံတိတ်စာသင်ကျောင်းဟု ခေါ်သည့် စာကြည့်တိုက်များ ဖွင့်လှစ်ရန် လိုအပ်ကြောင်း။

စေတနာရှေ့ထား

စာကြည့်တိုက်ဆိုသည်မှာ စာအုပ်နှင့် ပြည်သူ ဆက်သွယ်ပေါင်းကူးပေးသည့် ဌာနအသိဉာဏ် ပညာထုတ်လုပ်ရာ အလုပ်ရုံ၊ ဘဝတစ်သက်တာစာဖတ်ခန်း၊ လူထုတက္ကသိုလ်၊ နိုင်ငံတော်၏ ဦးနှောက်၊ အသည်းနှလုံး စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြကြောင်း၊ ပညာပြည့်ဝ နှလုံးလှစေရန် တာဝန်ရှိသူအားလုံးက စာကြည့်တိုက်လုပ်ငန်းများ အစဉ်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးကို စေတနာရှေ့ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် ရန်ကုန်တိုင်း၌ တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၀၅၆ခု ဖွင့်လှစ်ပြီး ဖြစ်ကြောင်း၊ ယင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရန်အတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်မှာ အချက်ငါးချက်ရှိရာ ပထမဆုံး ကျေးရွာပြည်သူများ စာအုပ်စာစောင် အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ စာအုပ်စာစောင်များ လစဉ် တိုးပွားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာအုပ်စာစောင် လစဉ်တိုးပွားအောင် ဆောင်ရွက်ရာတွင် စာအုပ်အလှူခံသည့်နည်းနှင့် ဝယ်ယူသည့်နည်း နှစ်ခုရှိကြောင်း၊ ဝယ်ယူရန်အတွက် ရန်ပုံငွေရရှိရန် စေတနာရှင်များထံမှ ငွေအလှူခံခြင်းနှင့် စာအုပ်ငှားရာတွင် သင့်လျော်သည့် စနစ်ချမှတ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တတိယအချက်က စိတ်အေးချမ်းသာစွာ စာဖတ်နိုင်အောင် စာကြည့်တိုက်အဆောက်အအုံ ထူထောင်သင့်ကြောင်း၊ စတုတ္ထအချက်က စာကြည့်တိုက်ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက် ထူထောင်သင့်ကြောင်း၊ ပဉ္စမအချက် အနေဖြင့် ဝါသနာပါပြီး ယုံကြည်စိတ်ချရသည့် စာကြည့်တိုက်မှူးကောင်း ရှိလာအောင် လေ့ကျင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း။

ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် အချက်ငါးချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ရာ ကျေးရွာလူထုစာဖတ်သည့် အလေ့အထ တိုးတက်များပြား ကျယ်ပြန့်အောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ရေး (Borrower)၊စာကြည့်တိုက် ကော်မတီနှင့် စာကြည့်တိုက်မှူးများ အရည်အသွေးမြှင့်တင်ရေး(Brain)၊ စာအုပ်စာစောင်များအဆက်မပြတ်တိုးပွားရေး (Books)၊ ရန်ပုံငွေရရှိရေး (Budget)၊ အဆောက်အအုံနှင့် ပရိဘောဂ (Building) ရှိရေးတို့ဖြစ်ကြောင်း၊ အတိုချုံးပြောရလျှင် (B) ငါးလုံးဖြစ်ကြောင်း။

အကောင်အထည်ဖော်

နောက်ဆုံးအချက် ဖြစ်သည့် အဆောက်အအုံနှင့် ပရိဘောဂရရှိရေးသည် အထူးအားစိုက်လာကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ စိတ်အေးချမ်းသာစွာ စာဖတ်နိုင်ရန်အတွက် ကိုယ်ပိုင်အဆောက်အအုံ မရှိသေးသည့် ကျေးရွာစာကြည့်တိုက်များကိုသင့်လျော်သောမြေနေရာတွင် တန်ဖိုးကြီးသည့်ပစ္စည်းဖြင့် မဆောက်နိုင်သေးလျှင် ဒေသထွက်ပစ္စည်း (သစ်၊ ဝါး၊ ဓနိ) တို့ဖြင့် ဆောက်နိုင်ရန်၊ သင့်လျော်သောပရိဘောဂ ရရှိရန်ကို သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

အလားတူ မြို့ပေါ်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း ခိုင်မာရှင်သန်အောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ကြီးကြပ်ပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်တိုးတက်ရေးတွင် မရှိမဖြစ်သည့် ပြည်သူများအသိပညာဖွံ့ဖြိုးရေးဆိုသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကြီးဖြစ်သည့်အတွက် တာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

၂၁ရာစု ကာလသည် ပညာထွန်းကားသည့်ကာလဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာရပ်ဆိုင်ရာများ အစွမ်းကုန်ထွန်းကား ဖြစ်ပေါ်လာနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်ကမ္ဘာအသီးသီးတွင် ပညာနှင့် နည်းပညာများ ဖွံ့ဖြိုးမှုနိမ့်ကျပါက နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးမှု နိမ့်ကျမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပါရမီဖြည့်သူစေတနာရှင်၊အလှူရှင်များ၏စေတနာကို အလေးထား အသိအမှတ်ပြုပါကြောင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို ကူညီစောင့်ရှောက်ကြရန် မှာကြားရင်း နိဂုံးချုပ်အပ်ကြောင်းဖြင့်ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက လှူဒါန်းသည့် လှူဒါန်းငွေ၊ စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၀သိန်း တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်ခြောက်လုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၃၀၀၀၀၊ ငွေကျပ်၁၀၂၉၄၀၀တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် ၁၁လုံးနှင့် ရေဒီယို၁၆လုံး၊ ငွေကျပ် ၃၈၇၇၅၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ် စာစောင် ၁၇၈၇အုပ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၃၈၀၀၀၀၊ ငွေကျပ် ၁၀၉၁၅၅၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် ခြောက်လုံးနှင့် ရေဒီယို ၄၈လုံး၊ ငွေကျပ် သိန်း၅၀တန်ဖိုးရှိကြည့်မြင်တိုင်မြို့နယ် စာကြည့်တိုက်အဆောက်အအုံနှစ်လုံး၊ ငွေကျပ် ၅၆၀၀၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင်၂၅၈၀၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၄၁၁၇၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်၁၀လုံးနှင့် ရေဒီယို ၁၉လုံး၊ ငွေကျပ်သိန်း ၄၀တန်ဖိုးရှိ သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ် စာကြည့်တိုက်အဆောက်အအုံလေးလုံး၊ ငွေကျပ်၁၅၀၀၀၀တန်ဖိုးရှိ ဆက်တီတစ်စုံနှင့် ဗီရိုတစ်လုံး၊ ငွေ ၈၁၅၄၅ ကျပ်တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များအတွက် ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကလှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

စာစောင်၂၃၇၇အုပ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၀၁၀၀၀၊ ငွေကျပ် ၂၀၉၀၀၀တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးနှင့် ရေဒီယိုနှစ်လုံး၊ ငွေကျပ် ၇၅၀၀၀၀၀တန်ဖိုးရှိ မှော်ဘီမြို့နယ် စာကြည့်တိုက် အဆောက်အအုံတစ်လုံးနှင့် စပါးခွံလျှပ်စစ်ဓာတ်အားပေးစက်တစ်လုံး၊ ငွေကျပ် ၇၉၅၂၃၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင်၂၉၆၅အုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ချုပ်က ငွေကျပ် ငါးသိန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ငါးသိန်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ပညာရေးမိသားစုက ငွေကျပ် ၁၅သိန်း၊ မှော်ဘီမြို့နယ် ကင်မလင်းကျေးရွာ ကရင်နှစ်ခြင်းခရစ်ယာန်ကျောင်းမှ ဦးကျာမှူးနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ် ၅၅၀၀၀၀၀ တန်ဖိုးရှိ စပါးခွံ လျှပ်စစ်ဓာတ်အားပေးစက်၊ မှော်ဘီမြို့နယ် ကင်မလင်းကျေးရွာ စိတ္တသုခကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတက ငွေကျပ် သိန်း ၂၀၊ သုံးခွမြို့နယ် အောင်ပန်းစိန်ကျေးရွာမှ ဦးထွန်းရှိန်-ဒေါ်သန်းခင်မိသားစုက ငွေကျပ် ၁၅သိန်း၊ သုံးခွမြို့နယ် အရှေ့တံခွန်တိုင်ကျေးရွာမှ အလှူရှင်များက ငွေကျပ် ၁၅ သိန်း၊ ရုပ်ရှင်သရုပ်ဆောင် သျှားညိုက ငွေကျပ် ၁၂၂၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၂၀၀ အုပ်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၈၀၅၇၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင်အုပ် ၁၇၃၀၊ ကျောက်တန်း သီလဝါစက်မှုဇုန်မှ ဦးမြင့်စိုး (အဏ္ဏာဝါဘော့စ်၊ ကြေးပန်ကာပုံလောင်းလုပ်ငန်းက) ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ငွေကျပ် ငါးသိန်း၊ စိတ်ကူးချိုချိုစာပေတိုက်က ငွေကျပ် ၅၈၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင်အုပ် ၇၈၀၊ ရန်ကုန်ခန့်စည်သူက ငွေကျပ် နှစ်သိန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမြထွေး ကုန်သွယ်ရေး(ငြိမ်း)က ငွေကျပ် ၁၈၅၄၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၆၁၈ အုပ်၊ ရွှေနဂါး ဦးတင်ဝင်းက ငွေကျပ် ၁၆၈၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၅၆အုပ်၊ တက္ကသိုလ်ဟန်မင်းဦးက ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၁၀၆၄၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၉၄၆အုပ်၊ ဝါမိုးအောင်စာပေတိုက်က ငွေကျပ် ၁၁၄၄၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင်၁၉၁အုပ်၊ ကန္တာရဝတီယာဉ်လိုင်းက ငွေကျပ် တစ်သိန်း၊ အလုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဒဂုံတောင်စက်မှုဇုန်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် သုံးလုံးနှင့် ဘက်ထရီသုံးလုံး၊ ဦးကျော်ကျော်နိုင် ဆံပင်အလှပြုပြင်ရေးက ငွေကျပ် ၁၅၉၉၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၀၂၁ အုပ်၊ ပြည့်စုံဝင်းနိုင်ကုမ္ပဏီက ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဒေါ်လှတင် (အရှေ့ရန်ကင်းမြို့နယ်)က ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၁၁၀၇၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၃၆၉ အုပ်၊ ဒေါက်တာတင်ထွန်းဦး(သုတစွယ်စုံမဂ္ဂဇင်းတိုက်)က ငွေကျပ် ၆၇၅၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၆၅၀၊ ကျောက်တံတားမြို့နယ်နေ ဦးဘုန်းမော်နှင့် အဖွဲ့က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ရေဒီယို ငါးလုံး၊ သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးသိန်းအောင်နှင့် အဖွဲ့က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဗီရိုတစ်လုံး၊ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနက ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဗီရိုတစ်လုံး၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ရေဒီယိုကက်ဆက် ခုနစ်လုံး၊ သီရိမွန်တိုင်း (မထသ)က ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် အင်တင်နာတစ်ခု၊ ရန်ကုန်တိုင်း ဗီဒီယိုကြီးကြပ်ရေးအဖွဲ့က ရုပ်မြင်သံကြားပြစက် တစ်လုံး၊ ဦးမိုးဦး (Golden Hill Group) က ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဦးကြင် (အထွေထွေမန်နေဂျာ) ရွှေညော့်သည် ယာဉ်လိုင်းက ငွေကျပ် နှစ်သိန်း၊ ဦးတင်ညွှန့် (မထသ)အဝေးပြေးယာဉ်လိုင်းက ငွေကျပ်နှစ်သိန်း၊ တရုပ်ပါ စားသောက်ဆိုင်က ငွေကျပ် တစ်သိန်း၊ မြောက် ဥက္ကလာပစက်မှုဇုန်က ငွေကျပ် ၃၀၀၀၀နှင့် ရုပ်မြင်သံကြားပြစက် သုံးလုံး၊ ဦးရန်အောင်၊ အထွေထွေ အတွင်းရေးမှူး မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓနည်းကျသြဌာရိက သုခမဆေးပညာရှင်အဖွဲ့က ငွေကျပ်တစ်သိန်း တန်ဖိုးရှိ သစ်သားဆက်တီတစ်စုံ၊ ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံး၊ ပျဉ်ထောင်ကျောင်းကျေးရွာအတွက် ငွေကျပ်တစ်သိန်း၊ ရုပ်ရှင်သရုပ်ဆောင် ပလာဇာ တိုက်ခန်းများသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးမြရှိန် ရဲအရာခံဗိုလ်(ငြိမ်း)က ငွေကျပ် ၇၂၂၅၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၁၁ အုပ်၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၆၅၀၀၀ တန်ဖိုးရှိ ဒီဗွီဒီတစ်လုံး၊ ကေသီပန် ဦးလှမြင့်က ငွေကျပ် ၆၀၀၀၀နှင့် ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် အုပ်၂၀၊ ဆရာကြီး ဦးလွန်းကြွယ်နှင့် ဇနီး ပန်းချီဆရာမ လွန်းမြမြ မိသားစုက ငွေကျပ် ၅၅၀၀၀ တန်ဖိုးရှိ ၁၄လက်မ ရုပ်မြင်သံကြား ပြစက် အဖြူအမည်းတစ်လုံး၊ တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၀၀၊ လှိုင်မြို့နယ် (၇)ရပ်ကွက် ဓမ္မသုခကျောင်းလမ်းနေ ရေခဲစက်လုပ်ငန်းရှင် ဦးထွန်းလှိုင်က ငွေကျပ် ၉၀၀၀၀တန်ဖိုးရှိ ၁၄လက်မ ရုပ်မြင်သံကြား ပြစက်တစ်လုံး၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာအုပ် ၃၅၀၊ သုဝဏ္ဏာ (၂၄)ရပ်ကွက်နေ ဦးမိုးမြင့်ဆွေက ငွေကျပ် ၃၃၉၀၀၀ တန်ဖိုးရှိ စာအုပ် ၃၇၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွင့်-ဒေါ်စန္ဒာမိသားစုက မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ စာကြည့်တိုက်အဆောက်အအုံအတွက် ငွေကျပ် ၅၀၀၀၀၊ ရန်ကုန်တိုင်း (ပို့/ဆက်)က ရုပ်မြင်သံကြားပြစက် နှစ်လုံး၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်) ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဌာန ညွှန်ကြားရေးမှူးဦးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းပွဲတွင် စေတနာရှင်၊ အလှူရှင်များက ငွေကျပ်၅၄၂၁၀၀၀အပါအဝင် ရုပ်မြင်သံကြားပြစက် ၄၆လုံး၊ ရေဒီယို၈၅လုံး၊ DVD စက်တစ်လုံး၊ ဗီရိုနှစ်လုံး၊ ငွေကျပ်၁၁၅သိန်းတန်ဖိုးရှိ စာကြည့်တိုက်အဆောက်အအုံလေးလုံး၊ ငွေကျပ် ၄၈သိန်းတန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၇၂၀၆အုပ် စုစုပေါင်းငွေကျပ် ၂၄၃၅၀၀၀၀ လှူဒါန်းကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

☆ ရှေ့ဖုံးမှ

အလေးပြုခြင်းကိုခံယူ

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကလည်း ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ လွိုင်ကော်မြို့ ရေပေးဝေမှုစစ်ဆေး ရေဖြန့်ဝေမှုမှန်ကန်ရေးနှင့် စာတ်ခွဲစမ်းသပ်ထားရှိရေး မှာကြား

ရန်ကုန် မေ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးမင်းမောင်တို့လိုက်ပါလျက် မေ ၁၄ ရက်က ကြည်သာယာရပ်ကွက် လောပိတ သံတံတားအနီး ပင်မရေစီးမြောင်းအား ရေစီးရေလာကောင်းအောင် တူးဖော်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး ရေမြောင်းအတွင်းအမှိုက်များပစ်ချ၍ မပိတ်ဆို့ရေး၊ ရန်ပုံငွေ ခွင့်ပြုချက်ရှိသည့်အခါ ကျောက်စီရေမြောင်းအဖြစ် တိုးတက်ပြုပြင်ပေးသွားရန် မှာကြားခဲ့သည်။

လိုက်လံပြသ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိလာရာ ကျောင်းအုပ်ကြီး ဦးစိုးစံနှင့် ဆရာ ဆရာမများက ကြိုဆိုကြပြီး ကျောင်းအုပ်ကြီးက လူငယ်သင်တန်းကျောင်းရှိ အကသင်တန်းနှင့် ပတ္တလားတီးသင်တန်းများအား လိုက်လံပြသသည်။ ဒုတိယဝန်ကြီးသည် အကသင်တန်းသူများ အကဖြင့်ဖြေဖျော်မှုနှင့် ပတ္တလားတီးသင်တန်းသား သင်တန်းသူများ၏ ပတ္တလားတီးခတ်ဖျော်ဖြေမှုများအား ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများ၏ အိပ်ဆောင်၊ စားရိပ်သာများအား ကြည့်ရှုပြီး**(ယာပုံ)** လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးညိုဝင်းက ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များ၏ ယခုနှစ်ဘဏ္ဍာရေးအခြေအနေလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များ မှာကြားသည်။

စနစ်တကျဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးအား လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်သန်းက လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ယခင်နှစ်ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ယခုဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့်လုပ်ငန်းများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဆောင်ရွက်ပြီးလုပ်ငန်းများအား အမြဲမပြတ်ပြန်လည်စစ်ဆေးရန်နှင့် ဆောင်ရွက်မည့်လုပ်ငန်းသစ်များအား စနစ်တကျဆောင်ရွက်ရေး၊ ရန်ပုံငွေများ စနစ်တကျသုံးစွဲရေးတို့အား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့သို့ ရေပေးဝေနေသော အမှတ်(၂)ဥတ္တရာရေစက်ရုံသို့ သွားရောက်စစ်ဆေးပြီး ရေဖြန့်ဝေမှုစနစ်မှန်ကန်ရေး၊ ရေစက်ရုံရှိ မော်တာများမပျက်စီးရေး၊ ရေပိုက်များရေလုံ မလုံစစ်ဆေးပေးရေး၊ ရေကိုဓာတ်ခွဲစမ်းသပ်မှတ်တမ်းထားရှိ ဆောင်ရွက်ရေးတို့အား အလေးထားဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့ စည်ပင်သာယာရေးအဖွဲ့ အမှတ်(၁) ပျိုးဥယျာဉ်အား သွားရောက်ကြည့်ရှုပြီး ပျိုးပင်များအား ဒေသရာသီဥတုနှင့် ကိုက်ညီသောပျိုးပင်များ ပြုစုပျိုးထောင် စိုက်ပျိုးရေး၊ သတ်မှတ်ပျိုးပင်အရေအတွက်ပြည့်မီအောင်စိုက်ပျိုးရေး၊ ပျိုးပင်အတွင်း ပေါင်းမြက်များ မပြတ်ရှင်းလင်းထားရေးတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် နယုန်လဆန်း ၇ ရက်
(အဖိတ်နေ့)
၂၂–၅–၂၀၀၇ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နတ်သားတောရေလှောင်တမံ
၈:၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ **အရေးကြီးလို့ပါ**
ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ
(ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇:၂၀ ၇။ ခံစားနားဆင် တေးဂီတဝင်
၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၅၀ ၁၂။ ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉:၀၅ ၁၃။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (ရိုးရာလုပ်ငန်း ပန်းပွတ်စွမ်းရှာလွတ်ထုတ်ကုန် နိုင်ငံ့ဂုဏ်)
၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ
သန်းတစ်ရာ ရွှေအိပ်မက်
(အပိုင်း–၁)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ
ရေသူမလေး ဒုတိယချစ်ပုံပြင်
(အပိုင်း–၁၂)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာမိုးရေချိန်

(၂၁–၅–၂၀၀၇)

ကျောက်ဖြူ	၄ ဒသမ ၉၆ လက်မ
အမ်း	၄ ဒသမ ၂၅ လက်မ
ဟသ်ာတ	၃ ဒသမ ၃၅ လက်မ
ညောင်လေးပင်	၃ ဒသမ ၀၃ လက်မ
ကျောက်တော်	၂ ဒသမ ၈၇ လက်မ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်၊ ဝါရင့်ဝန်ကြီးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကျော်ပရာဆစ်ဒ်၊ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာထောင်ခွန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာဟူလ်ဖန်နီနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ဆွေးနွေးပွဲတွင် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၇

(အင်္ဂါနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ (၂၄)ပစ္စည်း ပဋ္ဌာန်းဒေသနာတရားတော် (အပိုင်း-၁) (ဓမ္မဒူတအရှင်ဆေကိန္ဒ)
- ၇:၅၅ အံ့ဖွယ်ထူးခြား ကလောမဟာမုနိဆုတောင်းပြည့်နီးဘုရား
- ၈:၁၀ Sunday Talk
- ၉:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀ ကုသိုလ်ရှင်တွေနဲ့အတူ သာဓုခေါ်နိုင်ဖို့ မဟာတေဇမုနိစေတီတော်ကို ဖူးကြစို့
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၄၀ Music Gallery (ဒီလွန်-စံပါပဲ)
- ၉:၄၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမေနှင့်သမီးများ** ရုပ်ရှင်ဇာတ်ကား
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၅၅ သွေးပြန်ကြောအားနည်းရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာခင်မောင်အေး)
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ်
- ၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၀ ကြယ်ပွင့်များနှင့်စကားလက်ဆုံ (ညီသစ်ထူးနှင့်တွေ့ဆုံခြင်း)
- ၁၂:၀၅ တေးဂီတအစီအစဉ်
- ၁၂:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၁၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး(ဒုစရိုက်တရား မြဲရှောင်ရှား)
- ၁၂:၂၅ တေးဂီတအစီအစဉ်
- ၁၂:၃၀ "အင်း" ငွေပန်ထိမ်ရဲ့ အငွေ့အသက်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ် ၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဧရာဝတီတိုင်း ဖြိုးရောငါးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးလိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် တညင်တောင်ကျေးရွာအုပ်စု၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြိုးဧရာကုမ္ပဏီက ဆောင်ရွက်လုပ်ကိုင်မည့် ငါးမွေးမြူရေးအစာတောင့်စက်ရုံနှင့် ရေခဲစက်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မှာကြားဆွေးနွေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ပန်းတနော်-အိမ်မဲ လမ်းပိုင်းရှိ မရမ်းချောင်းတံတား၏ ခံနိုင်ဝန်နှင့် ပြန်လည်ပြုပြင်တည်ဆောက်ရမည့် အခြေအနေနှင့် သုံးခွတံတား ပြန်လည်ပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပန်းတနော်မြို့နယ် မိုးကုတ်ဒီးဒုတ် ရေနက်ကွင်းရှိ ဖြိုးဧရာ ငါးမွေးမြူရေးကုမ္ပဏီ လီမိတက်၏ အမှတ်(၄) ငါးမွေးမြူရေးစခန်း (မိုးကုတ်ဒီးဒုတ်)သို့ ရောက်ရှိပြီး ငါးလသားအရွယ် အသားတိုးမွေးမြူရေး ငါးများ၏ ကြီးထွားနှုန်း အခြေအနေနှင့် ရာသီချိန်မီ ထည့်သွင်းသာပေါင်းမြို့နယ် သဲဖြူကျေးရွာရှိ ဖြိုးဧရာ ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၃)ငါးမွေးမြူရေးစခန်း(သဲဖြူ)သို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာ၌ ဖြိုးဧရာငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၅)ငါးမွေးမြူရေးစခန်း(ဇီးဖြူကွင်း)သို့ ရောက်ရှိပြီး ငါးငယ်ပြုစုကန်များရှိ ငါးသန်အရွယ် ဆောင်ရွက်ရေး၊ အဂတိတရားကင်းသော ဝန်ထမ်းကောင်းများဖြစ်စေရေး ဆွေးနွေးမှာကြားပြီး **(အောက်ပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၂၀ ရက် နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ လိုက်ပါလျက် ယုဇနအုပ်စု၏ ဝေနမ်မြစ် အတွင်း လှောင်အိမ်စနစ်ဖြင့် ငါးတန်အသားတိုးမွေးမြူဆောင်ရွက်နေမှုနှင့် ငါးတန်အသားလွှာ ပြုပြင်ထုတ်လုပ်မှု အအေးခန်းစက်ရုံနှင့် တစ်နာရီလျှင် ၁၀ တန်ကျ ငါးအစာတောင့်စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည်

မွေးမြူသွားမည့် ငါးဖျန်းအရွယ် မျိုးငါးသားပေါက်များ၏ သန်စွမ်းမှု အခြေအနေနှင့် ကန်ရေ၏ အရည်အသွေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး မွေးမြူရေးကန် လုပ်သားများနှင့် တွေ့ဆုံကာ လေလွင့်ဆုံးရှုံးမှုလျော့နည်းအောင် ကြိုးစားဆောင်ရွက်ရေး မှာကြားဆွေးနွေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မျိုးငါးသားပေါက်များ၏ ကြီးထွားသန်စွမ်းမှုနှင့် ရေအရည်အသွေးများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ညနေပိုင်းတွင် ဝန်ကြီးသည် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံများအား တွေ့ဆုံကာ ငါးမွေးရာသီနှင့် အင်းလုပ်ငန်းရာသီအစဖြစ်သဖြင့် လုပ်ငန်းတိုင်းတွင် သတိ၊ ဝီရိယ၊ ဖွဲလုံ့လတို့ဖြင့် ကြိုးစားအားထည့် ပုသိမ်မြို့ အပင်နှစ်ဆယ်ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးကြက်ခြံနှင့် ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းသို့ရောက်ရှိပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ပသွယ်ငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး ငါးသားပေါက် ထုတ်လုပ်ထားရှိမှု၊ တီလားပီးယား ငါးအစာနှင့် ငါးအစာတောင့်များကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ ဖြိုးဧရာ ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)သို့ရောက်ရှိပြီး အသားတိုးငါးကန်များ တူးဖော်ယူရောင်းချပြီးစီးမှုနှင့် ဆက်လက်ထည့်သွင်းမွေးမြူသွားမည့် အခြေအနေများနှင့် မီးသွေးချောင်ကျေးရွာရှိ ဖြိုးဧရာ ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၆) ငါးမွေးမြူရေးစခန်း ရှင်းလင်းဆောင်နှင့် ငါးငယ်ပြုစုကန်၊ အသားတိုးမွေးကန်များ တူးဖော်ပြီးစီးမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေရေးကြေးရေး တည်ငြိမ်မှုရှိပြီး ပြည်တွင်းသုံးငွေတန်ဖိုး ခိုင်မာရန် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် မေ ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များ ကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၉)ကြိမ်မြောက် အစည်းအဝေးကို မေ ၁၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ဆောင်ရွက်လျက်ရှိရာတွင် ငွေရေးကြေးရေး တည်ငြိမ်မှုရှိပြီး ပြည်တွင်းသုံးငွေတန်ဖိုး တည်ငြိမ်ခိုင်မာစေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ကြီးကြပ်ကွပ်ကဲလျက် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးအနေဖြင့် ဘဏ်လုပ်ငန်းများ လုံခြုံမှုရှိစေရေးသာမက ဘဏ်အဆောက်အအုံ ပရဝဏ်များလုံခြုံမှုရှိအောင် စနစ်ကျနသည့် အကာအကွယ် အစီအမံများ ပြုလုပ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် အမြတ်အစွန်း ရရှိသည်နှင့်အမျှ မတည် ရင်းနှီးငွေ တိုးပွားလာစေရန်လည်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများကို အရည်အသွေးမြင့်မားလာစေရန် လိုအပ်သော သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကြရန်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက အမှာစကားပြောကြားသည်။

ပါဝင်ဆွေးနွေး

ယင်းနောက် ၂၀၀၇ ခုနှစ်အတွက် စပိန်နိုင်ငံ မက်ဒရစ်မြို့အခြေစိုက် Business Initiative Directions (BID)မှ ရွေးချယ်ချီးမြှင့်သော Century International Quality Era Award (CQE) Gold Category ဆုချီးမြှင့်ခံရသည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်က ၎င်းဆုကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီးထံ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီက လွှဲပြောင်းအပ်နှံသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက ဘဏ်လုပ်ငန်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို ပါဝင်ဆွေးနွေးကြပြီး အစည်းအဝေးပထမပိုင်းကို ညနေ ၃ နာရီခွဲတွင် ကျင်းပပြီးစီးသည်။

ထို့နောက် ဒုတိယပိုင်းအနေဖြင့် မြန်မာနိုင်ငံဘဏ်များအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၆-၂၀၀၇)ကို ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဘဏ်များကြီးကြပ်ရေးကော်မတီအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံဘဏ်များအသင်း စတင်ဖွဲ့စည်းခဲ့သည်မှာ ယခုရှစ်နှစ်ကျော်လွန်ပြီးဖြစ်ကြောင်း၊ အသင်းအနေဖြင့် အသင်းပိုင်အဆောက်အအုံကို လုပ်ငန်းအချောသပ် ဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းပါဝင်ကူညီကြရန်၊ အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုလုပ်ကြရန်၊ ဘဏ်လုပ်ငန်းများဆိုင်ရာ သင်တန်းများကိုလည်း အဆင့်မြင့်တင်ကြရန် မှာကြားပြီး အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ပါဝင်ဆွေးနွေးကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပထမလေးလအတွင်း ရင်းနှီးမြှုပ်နှံမှုမြင့်တက်

ပေကျင်း မေ ၂၁

တရုတ်နိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ် ပထမလေးလအတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၆၈ဒသမ ၆အထိရှိရာ ၂၇ဒသမ၄ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုရှိကြောင်း၊ သို့ရာတွင် ယခင်နှစ် အလားတူ ကာလကထက် ၆ဒသမ၁ရာခိုင်နှုန်း မြင့်တက်သည်။

ဖော်ပြ

တရုတ်နိုင်ငံအတွင်း လူဦးရေတိုးတက်မြင့်မားမှုကြောင့် အိမ်ရာအဆောက်အအုံ အရောင်းဈေးကွက်များ မြင့်တက်လျက်ရှိရာ နှစ်ချင်းအလိုက် တိုးမြင့်မှုမှာ ခြောက်ရာခိုင်နှုန်းရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထူးကဲဒီရေကြောင့် ဖူးခက်ကမ်းခြေ ပိတ်ထားရ

ဗန်ကောက် မေ ၂၁

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက် အပန်းဖြေစခန်း၌ အန္တရာယ်ရှိ လေပြင်းမုန်တိုင်းများ တိုက်ခတ်ပြီး ထူးကဲဒီရေကြောင့် မေ ၁၉ရက်တွင် ဖူးခက်ပြည်နယ် အာဏာပိုင်များက ကမ်းခြေကို ခေတ္တပိတ်ထားရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုတောင်ပိုင်း၌ ဒေါ်လာများသိမ်းဆည်းမိ

မက္ကဆီကိုစီးတီး မေ ၂၁

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီပက်စ်ပြည်နယ်တွင် ခရီးသည်တင်ကားအတွင်းဝှက်၍ တရားမဝင် ယူဆောင်လာသော အမေရိကန် ဒေါ်လာ ၁၉၄၀၀၀ကို မက္ကဆီကို အာဏာပိုင်များက သိမ်းဆည်းလိုက်ကြောင်း အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန (စီဒီနာ)က မေ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဖမ်းဆီး

အဆိုပါ ငွေများအား ကားအတွင်းရှိ ယာဉ်မောင်း၏ခရီးဆောင်အိတ်အတွင်းမှ ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း၊ တိုနာလာ-ပီဂျာဂျာပန် အဝေးပြေး လမ်းမပေါ်၌ ပုံမှန်စစ်ဆေးမှုပြုလုပ်ရာမှ တွေ့ရှိခဲ့ပြီး ယာဉ်မောင်းအား ဖမ်းဆီးခဲ့ကြောင်း စီဒီနာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဧဝရက်တောင်သို့ တောင်တက်သမား ၇၂ဦးတက်ရောက်

ခတ္တမန္ဒူ မေ ၂၁

ယခုနှစ် နွေဦးရာသီအထိ ဧဝရက် တောင်ပေါ်သို့တက်ရောက်သူ တောင်တက်သမား ၇၂ဦးရှိကြောင်း နီပေါယဉ်ကျေးမှု ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဟိမဝန္တာတိုင်းမ်က မေ ၁၉ရက်တွင် ရေးသားဖော်ပြသည်။

ပါဝင်

အဆိုပါ တောင်တက်ရာတွင် အဖွဲ့၁၁ဖွဲ့ပါရှိကာ နီပေါ ၃၈ဦး၊ အမေရိကန် ရှစ်ဦး၊ ဗြိတိသျှ ရှစ်ဦးပါဝင်ကြောင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ နော်ဝေ၊ အီဂျစ်၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယံ၊ အိုက်စလန်နှင့် ဆွီဒင်တို့မှလည်း ပါဝင်ကြောင်းသိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သွေးပေါင်စစ်ဆေး

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကမ္ဘာ့သွေးတိုးရောဂါနေ့ အထိမ်းအမှတ်အဖြစ် သွေးပေါင်ချိန်စစ်ဆေးပေးလျက်ရှိသည်ကို မေ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်း ပြဿနာများ စုပေါင်းဖြေရှင်းကြရန် ပါကစ္စတန်ဝန်ကြီးချုပ် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်း

ဆော့ချန် မေ ၂၁

အီရန်၏ နျူကလီးယား ပြဿနာ၊ မတည်မငြိမ်ဖြစ်နေသော လက်ဘနွန်အခြေအနေ၊ အီရတ်နိုင်ငံ၏ ပဋိပက္ခများနှင့် ပါလက်စတိုင်း အကျပ်အတည်းများကို ဝိုင်းဝန်းဖြေရှင်းကြရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှောကတ်အဇစ်က မေ ၁၉ရက်၌ တိုက်တွန်းလိုက်သည်။

ဂျော်ဒန်နိုင်ငံ ဆော့ချန်မြို့တွင် မေ ၁၈ ရက်က စတင်ကျင်းပသော အရှေ့အလယ်ပိုင်းဆိုင်ရာ စီးပွားရေး ဖိုရမ်တွင် ပါကစ္စတန် ဝန်ကြီးချုပ် အဇစ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

စုပေါင်းဖြေရှင်း

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အဆိုပါပြဿနာများကို စုပေါင်းဖြေရှင်းကြရေး၊ဒေသတွင်း ကိစ္စရပ်များအား သက်ဆိုင်ရာ နိုင်ငံများနှင့် အတူပြည်တွင်း၊ ပြည်ပ စုပေါင်းဖြေရှင်းကြရန်လည်း ၎င်းကဆက်လက် ပြောကြားသည်။

တိုက်တွန်း

ထိုသို့ အားလုံးညီညွတ်စွာ စုပေါင်းဖြေရှင်းကြလျှင် အခက်အခဲ အကျပ်အတည်းများ ပြီးဆုံးသွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် အဇစ်က တိုက်တွန်းပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသတွင် ကာလရှည်ကြာစွာ ဖြစ်ပေါ်နေသော ပြဿနာများကြောင့် သိပ္ပံနှင့် နည်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်မှုတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သဘာဝဓာတ်ငွေ့ပိုမို ထုတ်ယူရရှိနိုင်ရေး တရုတ်နှင့်ဂျပန်တို့ ဆွေးနွေးကြမည်

တိုကျို မေ ၂၁

တရုတ်အရှေ့ပင်လယ်တွင် သဘာဝဓာတ်ငွေ့ပိုမိုထုတ်ယူရရှိနိုင်ရေးအတွက် ဂျပန်နှင့်တရုတ်နိုင်ငံတို့တရုတ်နိုင်ငံ ပေကျင်းမြို့၌ လာမည့်မေ၂၅ရက်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆွေးနွေးမည်

နှစ်နိုင်ငံအကြား အဆိုပါဒေသတွင် သဘာဝဓာတ်ငွေ့များ ပိုမိုထုတ်ယူနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတစ်ဦးဖြစ်သူ ကီနီချီရိုနှင့် ဂျပန်နိုင်ငံ စွမ်းအင်နှင့်သဘာဝသယံဇာတဆိုင်ရာဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဟာဂူဖူနီမိုချီဇူကီတို့ ဆွေးနွေးမည်ဖြစ်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့အတူ တရုတ်နိုင်ငံမှလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဟူကျန်ကျူက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် ပြီးခဲ့သည့်လက ဂျပန်နိုင်ငံသို့ အလည်အပတ်သွားရောက်စဉ် နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ပူးပေါင်း ဆောင်ရွက်မှု ပြုလုပ်ရန် သဘောတူညီခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အင်ဒိုနီးရှားကမ်းခြေ၌ လှိုင်းလုံးကြီးများရိုက်ခတ် နေအိမ်နှင့် ငါးဖမ်းလှေများ ရာနှင့်ချီပျက်စီး

ဂျကာတာ မေ ၂၁

အင်ဒိုနီးရှားနိုင်ငံ ကမ်းခြေဒေသများ၌ ရေမလှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် နေအိမ်များ ရာနှင့်ချီ၍ ပျက်စီးပြီး ထောင်ပေါင်းများစွာသော ပြည်သူများဘေးလွတ်ရာသို့တိမ်းရှောင်နေကြရကြောင်း၊ ယင်းပင်လယ်လှိုင်းများ ရိုက်ခတ်မှုမှာ မေ ၁၉ရက်အထိ သုံးရက်မြောက်ဖြစ်ကြောင်း၊ ကမ်းခြေများမှ တံငါသည်များ ကုန်းပေါ်၌ တက်နေရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ လှိုင်းလုံးကြီးများသည် မေ၁၇ရက်က အာချီပါလိုအရပ်၌စတင် ရိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာသော ငါးဖမ်းလှေများ ပျက်စီးသွားကြောင်း၊ အချို့သောနေရာများတွင် လှိုင်းလုံးကြီးများမှာ ပေ ၂၀ အထိ မြင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

မြင့်တက်

သို့ရာတွင် ဂျာဗားအနောက်ပိုင်း အိန္ဒိယသမုဒ္ဒရာအနီး၌ သုံးမီတာအထိသာ လှိုင်းလုံးများ မြင့်တက်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မြောက်ဘက် ရွာတစ်ရွာ၌ ရေလှိုင်းများ တက်လာပြီး ရေလွှမ်းခံရသော ငါးခြောက်လှမ်းစင်များကို မေ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



တရုတ်နိုင်ငံ ဟောဘေး ပြည်နယ်၌ (၈)ကြိမ်မြောက် နည်းပညာဆိုင်ရာ စက်ရုပ်ပြပွဲ ကျင်းပနေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါ၌ ခေတ်မီမိုဘိုင်းလ်ဖုန်းစနစ် စတင်ဆောင်ရွက်

ခတ္တမန္ဒူ မေ ၂၁

နီပေါတယ်လီကွန်(အင်တီ) အနေဖြင့် နီပေါနိုင်ငံတွင် ခေတ်မီ မိုဘိုင်းလ်ဖုန်း ဝန်ဆောင်မှုလုပ်ငန်းများကို နီပေါနိုင်ငံတွင် မေ၁၈ရက်က စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

နီပေါနိုင်ငံအနေဖြင့် တောင်အာရှဒေသတွင် ခေတ်မီမိုဘိုင်းလ်ဖုန်းစနစ်ကို စတင်အသုံးပြုသည့် နိုင်ငံဖြစ်လာမည် ဖြစ်သည်။

အဆိုပါ ခေတ်မီ မိုဘိုင်းလ်ဖုန်းစနစ်(3G)ကို အသုံးပြုသူများအတွက် ဖုန်းကတ်များ ဝယ်ယူသုံးစွဲရာတွင် ဖုန်းကတ်တစ်ကတ်လျှင် နီပေါနိုင်ငံ သုံးငွေ ၄၁၉၅ ရူပီး ပေးရမည်ဖြစ်သည်။

ထိုခေတ်မီ မိုဘိုင်းလ်ဖုန်း ဝန်ဆောင်မှုလုပ်ငန်းများကို နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူမြို့တွင် စတင်ဆောင်ရွက်သွားမည် ဖြစ်သည်။ အမ်အင်န်အေ၊ရိုက်တာ

မြန်မာဘောလုံးအသင်း လူရွေးချယ်ရေး လေးပွင့်ဆိုင်ခြေစမ်း အနီရောင်က အဖြူရောင်အသင်းကို သုံးဂိုးပြတ်နိုင် အကောင်းဆုံးဘောလုံးသမားများ ရွေးချယ်သွားမည်

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၁

အောင်ဆန်းအားကစားကွင်းရောက်ချိန်၌ မိုးက ဖွဲဖွဲရွာနေသည်။ အောင်ဆန်းကွင်း၌ နိုင်ငံတကာဘောလုံးပြိုင်ပွဲများအတွက် ဘောလုံးသမားများရွေးချယ်ရန် လေးပွင့်ဆိုင်ဘောလုံးပြိုင်ပွဲ ဒုတိယမြောက်နေ့အဖြစ် အနီရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အခွင့်အရေးကောင်း

မေ ၂၀ ရက်က အဝါအသင်းနှင့် အပြာအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ရာ မေ ၂၁ရက်တွင် အနီအသင်းနှင့် အဖြူအသင်းတို့ ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ယခုလေးပွင့်ဆိုင်ခြေစမ်းပွဲသည် မြန်မာ့ဘောလုံးအသင်းအတွက် လူရွေးချယ်ခြင်းလည်းဖြစ်ရာ ဘောလုံးသမားများအတွက် အခွင့်အရေးကောင်း တစ်ခုဖြစ်သလို မြန်မာ့ဘောလုံးအသင်းအတွက်လည်း အရေးကြီးပေသည်။

ဘရာဇီးနည်းပြ

ထို့ကြောင့် ယခု ပြုလုပ်သည့် လေးပွင့်ဆိုင် ခြေစမ်းပွဲကျင်းပရမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းပြချုပ်ဖြစ်သူ ဘရာဇီးနိုင်ငံသား Mr.Floppa အား မြန်မာ့အလင်းသတင်းအဖွဲ့ အောင်ဆန်းကွင်း၌ တွေ့ဆုံကာ မေးမြန်းခဲ့သည်။

“ဒီလေးပွင့်ဆိုင် ခြေစမ်းပွဲပြုလုပ်တာကတော့ မြန်မာ့ဘောလုံးအသင်းအတွက် ပဏာမ လူရွေးချယ်ခြင်းပါပဲ။ ဒီပွဲတွေကနေပြီး အကောင်းဆုံးဘောလုံးသမားတွေကို စိစစ်ရွေးချယ်သွားမှာပါ။ ဒါကြောင့် ကျွန်တော်ဒီပွဲတွေမှာ ပါဝင်ကစားတဲ့ ဘောလုံးသမားတွေရဲ့ တစ်ဦးချင်းစွမ်းရည်ကို သေသေချာချာ ကြည့်ရှုနေပါတယ်” ဟု Mr. Floppaက ဖြေကြားသည်။

ဘရာဇီးနည်းပြ

“ဒီလေးပွင့်ဆိုင် ခြေစမ်းပွဲ တွေ က နေပြီး အကောင်း ဆုံးဘောလုံးအသင်း တစ်သင်း ရွေးချယ် သွားမယ်”

ဘရာဇီးနည်းပြ
Mr. Floppa

ထို့နောက် မြန်မာဘောလုံးသမားများ၏ အခြေအနေနှင့် ပတ်သက်ပြီး မေးမြန်းရာ Mr.Floppaက **“ကြိုးစားအားထုတ်မှုကောင်းကြပါတယ်။ နည်းစနစ်ပိုင်းတွေ လိုအပ်နေသေးတယ်။ ဒါတွေကို ကျွန်တော်တို့ဆောင်ရွက်သွားမှာပါ။ အခုတော့ ဒီလေးပွင့်ဆိုင်ခြေစမ်းပွဲတွေကနေပြီး ဘောလုံးတစ်သင်းစာ လူရွေးသွားမယ်။ ပြီးရင်လေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်။ တကယ်အရည်အချင်းရှိတဲ့ လူတွေကိုပဲ ရွေးချယ်သွားမှာပါ”**ဟု ပြောကြားသွားသည်။

အနီရောင်အသင်း
နည်းပြ

“သူတို့ ကြိုးစားမှ လက်ရွေးစင် အဖြစ် အရွေးခံရ မှာပါ”

အနီရောင်အသင်း
နည်းပြ
ဦးဉာဏ်ဝင်း

အနီရောင်အသင်း

Mr. Floppa သည် ယနေ့ပွဲ၌ အနီရောင်အသင်း အုပ်ချုပ်သူအဖြစ်လည်း ပါဝင်ဆောင်ရွက်ပေးသွားသည်။ ထို့နောက် အနီရောင်အသင်းနည်းပြနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ထောက်နည်းပြဖြစ်သူ ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံမေးမြန်းရာ **“ကျွန်တော့်ရဲ့ အနီအသင်းမှာ လူဟောင်းရော လူသစ်တွေပါ ပေါင်းစပ်ဖွဲ့စည်းထားတယ်၊ လူရွေးချယ်မှုကတော့ ဘရာဇီးနည်းပြက ဆောင်ရွက်မှာပါ။ ဒီပွဲမှာ ကျွန်တော့်အသင်းက ကစားသမားတွေကိုတော့ ကိုယ့်မှာရှိတဲ့ ဘောလုံးစွမ်းရည်တွေကို အကောင်းဆုံး ပြသကြဖို့တော့ တိုက်တွန်းပေးထားတယ်။ သူတို့တွေ တကယ်ကြိုးစားမှ၊ ခြေစွမ်းပြနိုင်ကြမှ ဘရာဇီးနည်းပြက ရွေးချယ်သွားမှာပါ”**ဟု အနီရောင်အသင်း နည်းပြ ဦးဉာဏ်ဝင်းက မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

အဖြူရောင်အသင်း

ဆက်လက်၍အဖြူရောင်အသင်းမှ ဘောလုံးသမားများကို ညွှန်ကြားနေသော မြန်မာနိုင်ငံ အသက် ၁၇နှစ်အောက် လူငယ်လက်ရွေးစင်အသင်း နည်းပြချုပ်နှင့် ပို့ဆောင်ရေးအသင်း နည်းပြချုပ်လည်းဖြစ်ပြီး ယနေ့ကစားသည့် အဖြူရောင်အသင်း အုပ်ချုပ်သူလည်းဖြစ်သည့် ဦးခင်မောင်တင့်နှင့် တွေ့ဆုံမေးမြန်းရာ**“အဖြူရောင်အသင်းမှာ လူသစ်နဲ့ လူဟောင်းတွေနဲ့ ဖွဲ့စည်းထားတယ်။ ကစားကြမယ့် ဘောလုံးသမားတွေကို စိတ်ဓာတ်အင်အားမြှင့်တင်ပေးထားပါတယ်။ သူတို့တွေ အကောင်းဆုံး ကစားနိုင်ရင် ဘရာဇီးနည်းပြက ရွေးချယ်မှာပါ။ ဒါကြောင့် ဒီနေ့ပွဲမှာ ဘယ်လိုစနစ်နဲ့ကစားပါလို့ပဲ ပြောထားပြီး သူတို့တွေ အကောင်းဆုံး ကစားနိုင်ဖို့ မှာထားတယ်”**ဟု ဦးခင်မောင်တင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့နောက် အဖြူရောင်အသင်းနည်းပြဖြစ်သူနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ လက်ထောက်နည်းပြလည်းဖြစ်သူ ဦးကျော်လွင်နှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ**“အဖြူရောင်အသင်းမှာ စီးပွား/ကူးသန်း၊ သစ်တော၊ လယ်/ဆည်၊ ကာကွယ်ရေး၊ ရေနံ၊ ပို့ဆောင်ရေးနဲ့ စည်ပင်အသင်းတွေက ကစားသမားတွေပါဝင်တယ်။ အတွေ့အကြုံရှိကြတဲ့ သူတွေချည်းပါပဲ။ ဒီပွဲဟာ သူတို့အတွက် အခွင့်အရေး ဖြစ်တာမို့ သူတို့ကစားအားသန်တဲ့ နေရာတွေမှာ ကစားနိုင်ဖို့ အရင်ဆုံး သူတို့ ဆန္ဒတွေ ယူပြီးမှ စိတ်တိုင်းကျ ကစားခိုင်းတာပါ။ သူတို့ကောင်းကောင်းခြေစွမ်းပြနိုင်ရင်အရွေးခံကြရမယ်”**ဟု ဦးကျော်လွင်က ပြောကြားသွားသည်။

ယနေ့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အနီရောင်အသင်းက ဘောလုံးအပေးအယူအချိတ်အဆက်မိမိနှင့် ကစားသွားနိုင်ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများလည်း ပိုမိုရရှိခဲ့သည်။ အနီရောင်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာတွင် အဖွင့်ဂိုးကို ရဲဝေယံစိုး၊ ဒုတိယဂိုးကို ပြည့်ဖြိုးဦးကသွင်းယူပေးပြီး နောက်ဆုံး တတိယဂိုးကို စိုးသီဟအောင် အစားဝင်ကစားသည့် ရာဇာဝင်းသိန်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

“ကျွန်တော့်အသင်းမှာ ပို့ဆောင်ရေး၊ လယ်/ဆည်၊ ကာကွယ်ရေး စတဲ့ အသင်းတွေက ဘောလုံးသမားတွေပါတယ်”

အဖြူရောင်အသင်း
နည်းပြ
ဦးကျော်လွင်

အဖွင့်ဂိုးသွင်း

အနီရောင်အသင်းမှ အဖွင့်ဂိုးကို ရဲဝေယံစိုးက ဤသို့ သွင်းယူခဲ့သည်။

အနီရောင်အသင်း

ဇော်ထက်အောင် ခေါင်းဆောင်သော အနီရောင်အသင်းတွင် **(ဂိုး)** ကျော်ဇင်ထက် အပါအဝင် ဟန်ဝင်းအောင်၊ အေးစန်း၊ ခင်မောင်လွင်၊ ကျော်ဌေးဦး၊ အောင်မျိုးသန့်၊ စိုးသီဟအောင်၊ ပြည့်ဖြိုးဦး၊ ရဲဝေယံစိုးနှင့် မျိုးမင်းထွန်းတို့ ပါဝင်ကစားသွားကြသည်။

အဖြူရောင်အသင်း

ထို့အတူ အဖြူရောင်အသင်းတွင် အသင်းခေါင်းဆောင်မင်းသူအပါအဝင် **(ဂိုး)** ကျော်မင်းလှိုင်နှင့်အတူ နေလင်းထိုက်၊ ဇော်လင်းထွန်း(၂)၊ နေဝင်းအောင်၊ ရာဇာစိုး၊ အောင်သန်းဝင်း၊ တင်အောင်မိုး၊ အောင်ရဲထွဋ်၊ မင်းမင်းထွန်းနှင့် သူရိန်စိုးတို့ ပါဝင်ကစားသွားကြသည်။ ။

(မြန်မာ့အလင်း)

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်/တိုင်း ကရာတေးဒိုပြိုင်ပွဲ

ရန်ကုန် မေ ၂၁

အားကစားနှင့်ကာယပညာ ဦးစီးဌာန၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇွန်၈ ရက်မှ ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ကုမိတဲပြိုင်ပွဲ

အမျိုးသမီး ခတ ပြိုင်ပွဲအမျိုးအစားတွင် တစ်ဦးချင်း ခတ နှင့် အသင်းလိုက် ခတ ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး ကုမိတဲပြိုင်ပွဲ အမျိုးအစားတွင် ၄၈ ကီလိုနှင့်အောက်၊ ၅၃ ကီလိုနှင့်အောက်၊ ကီလို ၆၀ နှင့်အောက်၊ ကီလို ၆၀ အထက်နှင့် အသင်းလိုက် ကုမိတဲ ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

အမျိုးသား ခတ ပြိုင်ပွဲအမျိုးအစားတွင် တစ်ဦးချင်း ခတ နှင့် အသင်းလိုက် ခတ ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး ကုမိတဲ ပြိုင်ပွဲအမျိုးအစားတွင် ၅၅ ကီလိုနှင့်အောက်၊ ကီလို ၆၀ နှင့်အောက်၊ ၆၅ကီလိုနှင့်အောက်၊ ကီလို ၇၀ နှင့်အောက်၊ ၇၅ ကီလိုနှင့်အောက်၊ ၇၅ ကီလိုအထက်နှင့် အသင်းလိုက် ကုမိတဲပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ကြိုတင်သတင်းပို့

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ကရာတေးဒို ဒိုင်လူကြီးများ လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ကရာတေးဒို ဒိုင်သင်တန်း (၂/၂၀၀၇)ကို ဇွန် ၃ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းအောက်ထပ်ရှိ မြန်မာနိုင်ငံ ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဒိုင်သင်တန်း တက်ရောက်မည့်သူများသည် ဇွန်၂ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ကြိုတင်တက်ရောက် သတင်းပို့ကြရမည်ဖြစ်သည်။

ဝန်ကြီးဌာန ကရာတေးဒိုအသင်းများအပါအဝင် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုကလပ်အသင်းများလည်း ဆက်သွယ် တက်ရောက်နိုင်ပြီး ပြည်နယ်နှင့်တိုင်းကိုယ်စားပြု ဒိုင်များအပါအဝင် တက်ရောက်ကြမည့်ဒိုင်များ၏ သင်တန်းကာလနှင့် ပြိုင်ပွဲကာလ တည်းခိုစားသောက်ရေးကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက်မှ ၃၁ ရက်အထိ
စိတ်ဓာတ် ရုပ်ကောင်း ပညာ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ပရီမီယာလိဂ်အသင်းကြီးများ စိတ်ဝင်စားခြင်းခံရသူ နာနီ

ကိုးကားရေးသားသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၂၁

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ဘောလုံးရာသီအပြီးတွင် လာမည့်နှစ် ဘောလုံးရာသီအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်ရာ ပရီမီယာလိဂ် ထိပ်တန်းကလပ်အသင်းကြီးများက စိတ်ဝင်စားကာ အပြိုင်အဆိုင်ခေါ်ယူရန် ကြိုးစားနေကြသည့် ဘောလုံးသမားများအနက် ပေါ်တူဂီကလပ် လစ္စဘွန်းအသင်းတွင် ကစားနေသော နာနီလည်း ပါဝင်သည်။

နာနီ

ပရီမီယာလိဂ် အသင်းကြီးများ စိတ်ဝင်စားနေသော စပို့တင်းလစ္စဘွန်း ကွင်းလယ် ကစားသမား နာနီ။
(ဓာတ်ပုံ-အင်တာနက်)

မွေးဖွားခဲ့သူ

ပေါ်တူဂီကလပ်စပို့တင်းလစ္စဘွန်းတွင် ကစားနေသောနာနီ အမည်မှာ လူးဝစ်နာနီဖြစ်ပြီး ပေါ်တူဂီ နိုင်ငံတွင် ၁၉၈၇ခုနှစ်တွင် မွေးဖွားခဲ့သူ ဖြစ်ရာ အသက် (၂၀)အရွယ်မျှသာ ရှိသေးသည်။

နာနီသည် အရပ်ငါးပေ၊ကိုးလက်မ မြင့်ပြီး ကိုယ်အလေးချိန် ၁၄၆ ပေါင် ရှိရာ ကစားသမားတစ်ဦးအနေဖြင့် ရှိသင့်ရှိထိုက်သည့်အရပ်အမောင်းနှင့် ကိုယ်ခန္ဓာဖွဲ့စည်းမှုရှိသူတစ်ဦးလည်း ဖြစ်သည်။

စွမ်းရည်ထက်မြက်

နာနီ၏ ထူးခြားသောအရည်အချင်းမှာ လျင်မြန်မှု၊ ဘောလုံးအထိန်းအသိမ်းကောင်းမွန်မှုနှင့် ဂိုးသွင်းနိုင်မှုများပင်ဖြစ်ရာ အသက်အရွယ်ငယ်ငယ်နှင့် ဘောလုံးစွမ်းရည်ထက်မြက်သူ တစ်ဦးဖြစ်သည်။

နာနီ၏ ကွင်းလယ်တွင် ကစားမှုများက တိုက်စစ်အားပြုကစားသလို တောင်ပံတိုက်စစ်ကိုလည်း အားသန်သူဖြစ်ရာ မန်ယူအသင်းက အသက်အရွယ်ရလာသော တောင်ပံကစားသမား ရှိုင်ယန်ဂစ်အတွက် အားဖြည့်ပေးနိုင်သည့် ကစားသမားဖြစ်ပြီး ကွင်းလယ် အတွက်လည်း အထောက်အကူပေးနိုင်မည်ဖြစ်ရာ မန်ယူက နာနီကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

ထို့အတူ ပရီမီယာလိဂ်မှ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့ကလည်း နာနီကို စိတ်ဝင်စားနေလျက် ရှိရာ စပို့တင်းလစ္စဘွန်းကလပ်နှင့်ဆက်သွယ်မှုများပြုလုပ်နေကြသည်။ လောလောဆယ်တွင် နာနီနှင့်ပတ်သက်၍ စပို့တင်းလစ္စဘွန်းက မည်သည့်သတင်းမျှ တိတိကျကျ မထုတ်ပြန်သေးချေ။

ဂိုးသွင်း

နာနီသည် စပို့တင်းလစ္စဘွန်းကလပ် အတွက် ယခုနှစ်တွင် စုစုပေါင်း ငါးဂိုး သွင်းယူပေးထားနိုင်သည်။ စပို့တင်း လစ္စဘွန်းကလပ်၌ ဂိုးအများဆုံး သွင်း ထားသူမှာ ဒါစီလ်ဗာလိဆင် ဖြစ်ပြီး စုစုပေါင်း ၁၄ဂိုးသွင်းထားသည်။ ဒုတိယ အများဆုံး ဂိုးသွင်းထားသူမှာ တိုက် စစ်မှူး အလက်ဆန်ဒရို ဖြစ်ပြီး စုစုပေါင်း ခုနစ်ဂိုးသွင်းယူထားရာ စပို့တင်းလစ္စဘွန်းအတွက် ယခုနှစ်၌ တတိယမြောက် ဂိုးအများဆုံးသွင်းနိုင်သူမှာ နာနီပင်ဖြစ်သည်။

စပို့တင်းလစ္စဘွန်း ကလပ်သည် မန်ယူမှ နာမည်ကျော်ဘောလုံးသမား ကြယ်ပွင့်တစ်ဦး ဖြစ်သည့် စီရိုနယ်ဒို၏ မိခင်ကလပ်အသင်းဖြစ်ပြီး ပေါ်တူဂီ နိုင်ငံ၏ ထိပ်တန်းဘောလုံးသမားများကို မွေးထုတ်ပေးရာ အသင်းလည်းဖြစ်သည်။

မဆုံးဖြတ်ရသေး

အသက်(၂၀) အရွယ် နာနီ၏ ဘောလုံးကစားမှုစွမ်းရည်ကို အီတလီနှင့် စပိန်ကလပ်များကလည်း စောင့်ကြည့်လျက်ရှိရာ နာနီအနေဖြင့် မိမိ၏ အနာဂတ်နှင့်ပတ်သက်၍ လောလောဆယ်တွင် မဆုံးဖြတ်ရသေးကြောင်း ပြောကြားနေသည်။

ထို့အတူ စီရိုနယ်ဒိုကို ရောင်းထုတ်ခဲ့၍ နောင်တရနေသော စပို့တင်းလစ္စဘွန်းကလည်း မိမိအနေဖြင့် နောက်ထပ် အမှားမျိုးပြုလုပ်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် နာနီ၏ ပြောင်းရွှေ့ကြေးကို စိတ်ကြိုက်ပေးနိုင်ပါက စပို့တင်း လစ္စဘွန်း၏ ခံယူချက် ပြောင်းလဲသွားနိုင်သည်ဖြစ်ရာ ငွေထုပ်များ ပိုက်ပြီး အင်္ဂလိပ်ပရီမီယာလောကသို့ဝင်ရောက်လာသော ကလပ်ပိုင်ရှင် သန်းကြွယ်သူဌေးများက အသင်းအတွက် အကျိုးရှိမည့် ဘောလုံးသမားလည်းဖြစ်သူ၊ အသက်လည်း ငယ်ရွယ်သူတစ်ဦးဖြစ်သည့် ကစားသမားတစ်ဦး တန်ရာတန်ကြေး ငွေပေးရမည်ကို လက်တွန့်နေကြသူများမဟုတ်ရာနာနီတစ်ယောက် ပရီမီယာလိဂ်သို့ လာမည့် ဘောလုံးရာသီတွင် ရောက်လာနိုင်ဖွယ်ရှိသည်။

အဓိက

လောလောဆယ်တွင် စပို့တင်းလစ္စဘွန်း၌ ပွဲစဉ်အတော်များများကို ကစားနေရပြီဖြစ်ရာနောက်နှစ်ဘောလုံးရာသီ၌ စပို့တင်းလစ္စဘွန်း ကလပ်၏ ပထမဦးစားပေး ကစားသမားအဖြစ် သတ်မှတ်ကာ အဓိက ဘောလုံးသမား တစ်ဦးအနေဖြင့် ကစားသွားစေမည် ဖြစ်ကြောင်း စပို့တင်းကလပ်က ပြောကြားနေသည်။

စောင့်ကြည့်ရမည်

နာနီသည်စပို့တင်းလစ္စဘွန်း တိုက်စစ်မှူးများဖြစ်သော အလက်ဆန်ဒရို၊ ဒါစီလ်ဗာလိဆင်၊ဒီဂျာလိုနှင့် ကားလို့စ် ဘူနိုတို့နှင့်လည်းချိတ်ဆက် မိမိကစားနိုင်ပြီး အဆုံးအဖြတ် ဂိုးများလည်း သွင်းယူနိုင်နေရာ စပို့တင်းလစ္စဘွန်း အသင်းကလည်း တော်ရုံငွေကြေးဖြင့် လက်လွှတ်ခံမည် မဟုတ်ရာ နာနီ၏ အနာဂတ်သည် မည်သို့ ရှိလာမည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အင်တာနက် အားကစားသတင်း အတိုအထွာ

♣ **စကော့တလန်ပရီမီယာလိဂ်မှ အဘာဒိန်းအသင်းသည် ရိန်းဂျားစ် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး တတိယနေရာရရှိခဲ့သဖြင့် လာမည့်နှစ် ယူအီးအက်ဖ်အေပြိုင်ပွဲ ဝင်ခွင့်ရရှိသွားသည်။**

♣ ချယ်လ်ဆီးအသင်းတွင် အမြဲတမ်းကစားသွားလိုကြောင်း ကွင်းလယ် ကစားလမ်းပတ်က ပြောကြားလိုက်သည်။

♣ **ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် ဟမ်းဘတ် မာစတာဖလား ဗိုလ်လုပွဲတွင် စပိန်မှ ကမ္ဘာ့နံပါတ် (၂) တင်းနစ် အားကစားသမား ရာဖေးလ်နာဒယ်ကို ၂-၆၊ ၆-၂၊ ၆-၀ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။**

♣ ဆားဘီးယားမှ အသက်(၂၂)နှစ်ရှိ တင်းနစ်အားကစားမယ် ဂျန်ကိုဗစ်သည် အီတလီအိုးပင်းတွင် ကမ္ဘာ့နံပါတ် (၃)အဆင့်ရှိ ကွတ်ဇ်ညက်ဆိုဗာအား ၇-၅၊ ၆-၁ဖြင့်နိုင်ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

(အင်တာနက်)

ရက်ဖ်ချင်ကိုနှင့် ဘောလက် ချယ်လ်ဆီး၌ ဆက်ရှိနေမည်

ချယ်လ်ဆီး၌ ဆက်ရှိနေမည့် ရက်ဖ်ချင်ကိုနှင့်မိုက်ကယ်ဘောလက်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၂၁

အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းက ရာသီအကုန်တွင် ဘောလုံးသမား သုံးဦး ရောင်းချလိမ့်မည်ဖြစ်သော်လည်း ရက်ဖ်ချင်ကိုနှင့် မိုက်ကယ်ဘောလက်တို့ကို ရောင်းချလိမ့်မည် မဟုတ်ကြောင်း ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိ ပီတာကင်ယွန်းက ပြောကြားသည်။

ရှိနေမည်

လာမည့်ရာသီတွင် ချယ်လ်ဆီးအသင်း၌ အဓိကကစားသမားများ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ရောင်းထုတ်ဖွယ်ရှိ

သို့ရာတွင် ချယ်လ်ဆီးအသင်း အနေဖြင့် ယခုနှစ်ရာသီတွင် ဒုဏ်ရာရ ကစားသမားအချို့ ရောင်းထုတ်ဖွယ် ရှိသည်ဟု ဆိုသည်။

ခေါ်ယူရန်ရှိ

လာမည့်ရာသီအတွက် ချယ်လ်ဆီး အသင်းက ကွင်းလယ်ကစားသမား တစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦး ခေါ်ယူသွားရန်ရှိကြောင်း ပီတာကင်ယွန်းက ပြောကြားသည်။

(အင်တာနက်)

စကော့တလန် ဂိုးသမားဂေါ်ဒွန်အား မန်ယူက ခေါ်ယူရန် စဉ်းစားနေ

လန်ဒန် မေ ၂၁

မန်ချက်စတာယူနိုက်တက်အသင်းက စကော့တလန်နှင့် စကော့တလန် ပရီမီယာလိဂ်ဟတ်အသင်းမှ ဂိုးသမား ခရိတ်ဂေါ်ဒွန်အား ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန်စဉ်းစားနေကြောင်း မန်ယူက ပြောကြားသည်။

သို့ရာတွင် ဟတ်အသင်းက အဆိုပါ ဂိုးသမား၏ ပြောင်းရွှေ့ကြေး အဖြစ် ပေါင် ၁၀သန်းလိုချင်နေသည် ဟုဆိုသည်။ ၎င်းအား အက်စ်တွန်ဗီလာ အသင်းနည်းပြ မာတင်အိုနေးလ်ကလည်း ခေါ်ယူရန်ကြိုးစားနေကြောင်း သိရသည်။

ဦးဆောင်ကစား

အသက် (၂၄)နှစ်ရှိ ဂိုးသမားခရိတ်ဂေါ်ဒွန်သည်အသင်းခေါင်းဆောင် စတိဗ်ပရက်စလေဆဲလ်တစ်သို့ ဒီဇင်ဘာလက ပြောင်းရွှေ့သွားပြီးနောက် ဟတ်အသင်းကို ခေါင်းဆောင်အဖြစ် ဦးဆောင်ကစားလျက်ရှိသည်။

အဆိုပါဂိုးသမားအား ပရီမီယာလိဂ်အသင်းများဖြစ်ကြသည့် အာဆင်နယ်နှင့် ဖူလ်ဟမ်တို့ကလည်း ယခင်က ခေါ်ယူရန်အဆက်အသွယ်လုပ်ခဲ့သည်ဟု ဆိုသည်။ ၎င်းသည်စကော့တလန်အသင်းတွင် ၁၄ကြိမ်တိုင် အသင်းခေါင်းဆောင် အဖြစ် ဦးဆောင်ကစားခဲ့သူလည်းဖြစ်သည်။ (အင်တာနက်)

မန်ယူက ခေါ်ယူရန်စိတ်ဝင်စားနေသော ဂိုးသမားဂေါ်ဒွန်။
(ဓာတ်ပုံ-အင်တာနက်)

စုစည်းရေးသားသူ-မြင့်မောင်စိုး

ဘွန်ဒက်စ်လီဂါပွဲအပြီး အသင်းများ၏ ရပ်တည်မှု

မြူးနစ် မေ ၂၁

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်များ ယှဉ်ပြိုင် ကစားမှုမှာ မေ၁၉ရက်က ပြီးဆုံးသွားပြီဖြစ်ရာ အသင်းများ၏ ရပ်တည်မှုကို အောက်ပါအတိုင်း တွေ့ရသည်။

စဉ်	အသင်း	ရမှတ်
၁။	စတုဂတ်	၇၀
၂။	ရှော်လ်ကေး	၆၈
၃။	ဝါဒါဘရီမင်	၆၆
၄။	ဘိုင်ယန်မြူးနစ်	၆၀
၅။	လေဗာကူဆင်	၅၁
၆။	နူရင်ဘတ်	၄၈
၇။	ဟမ်းဘတ်	၄၅
၈။	ဘိုချန်	၄၅
၉။	ဒေါ့မွန်	၄၄
၁၀။	ဟာသာဘာလင်	၄၄
၁၁။	ဟန်နိုဗာ	၄၄
၁၂။	ဘီလီဖီးလ်	၄၂
၁၃။	ကော့ဘတ်	၄၁
၁၄။	ဖရန့်ဖတ်	၄၀
၁၅။	ဝုလ်ဘတ်	၃၇
၁၆။	မိန့်ဇ်	၃၄
၁၇။	အာချန်	၃၄
၁၈။	ဂလာဘတ်	၂၆

(အင်တာနက်)

ပရီမီယာလိဂ် အသင်းများ ပွဲသိမ်းရပ်တည်မှု အနေအထား

လန်ဒန် မေ ၂၁

ပရီမီယာလိဂ်ပွဲစဉ်များကို မေ၁၃ရက်က ပြီးစီးခဲ့ပြီဖြစ်ရာ အသင်းများ၏ ရပ်တည်မှုအနေ အထားကို ဖော်ပြလိုက်ပါသည်။

စဉ်	အသင်း	ရမှတ်
၁။	မန်ယူ	၈၉
၂။	ချယ်လ်ဆီး	၈၃
၃။	လီဗာပူး	၆၈
၄။	အာဆင်နယ်	၆၈
၅။	တော့တင်ဟမ်	၆၀
၆။	အဲဗာတန်	၅၈
၇။	ဘော်လ်တန်	၅၆
၈။	ရက်ဒင်း	၅၅
၉။	ပို့စ်မောက်	၅၄
၁၀။	ဘလက်ဘန်း	၅၂
၁၁။	အက်စ်တွန်ဗီလာ	၅၀
၁၂။	မစ်ဒယ်ဘရော့	၄၆
၁၃။	နယူးကာဆယ်	၄၃
၁၄။	မန်စီးတီး	၄၂
၁၅။	ဝက်စ်ဟမ်း	၄၁
၁၆။	ဖူလ်ဟမ်	၃၉
၁၇။	ဝီဂန်	၃၈
၁၈။	ရှက်ဖီး	၃၈
၁၉။	ချာလ်တန်	၃၄
၂၀။	ဝက်ဖို့ဒ်	၂၈

(အင်တာနက်)

ဓမ္မာစရိယနှင့် ရွှေညဝါ ဆရာဖြစ်သင်တန်းအောင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ပို့ချလျက်ရှိသော ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာ ရွှေညဝါ ဆရာဖြစ်သင်တန်း အောင်ပွဲအခမ်းအနားနှင့် ယင်းစာသင်တိုက်ရှိ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်၏ ပင်မအဆောက်အအုံဖြစ်သော ရွှေညဝါ ပညာဗိမာန် သုံးထပ်ကျောင်းတော်ကြီး ရေစက်ချ အလှူမင်္ဂလာတို့ကို ဇွန် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ အမှူးပြုသော ရွှေညဝါ သံဃာတော်အပါး ၁၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူရှင်များ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ကို ပြုလုပ်မည်ဖြစ်၍ ရန်ကုန် ဗုဒ္ဓတက္ကသိုလ် ကျောင်းသားကျောင်းသူများသည် ဇွန် ၂ ရက် (စနေနေ့)တွင် ကြိုတင်ရောက်ရှိကြရန်နှင့် အလှူရှင်များ လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

စာအုပ်
စာပေ
လူ့မိတ်ဆွေ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ လာရောက်လေ့လာ

ရန်ကုန် မေ ၂၁

တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများသည် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ ယနေ့နံနက် ၉ နာရီတွင် ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး **(အပေါ်ပုံ)** အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်းရှိ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေး ဆေးခန်း၊ မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှုမှ ကာကွယ်တားဆီးခြင်း စီမံချက်ဌာနနှင့် ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ ဆက်လက် လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၁

၂၀၀၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့အင်အား ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကြံပြုတင်ပြ

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် လူဦးရေဆိုင်ရာ လုပ်ငန်းများနှင့်ဆက်နွှယ်နေသည့် ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဆပ်ကော်မတီကို ဖွဲ့စည်းပြီး အဆိုပါဆပ်ကော်မတီဝင်များက မိမိတို့ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်လျာထားချက်များကို အကြံပြု တင်ပြဆွေးနွေးကြသည်။

ကျင်းပမည်

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ (Men as Partners in Maternal Health) **"မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု"** ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိခင်မှကလေးသို့ HIV ပိုးကူးစက်မှု တားဆီးရေးစီမံချက် ကျန်းမာရေးပညာပေးအထောက်အကူပစ္စည်းများ အကြိုဆန်းစစ်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှု တားဆီးရေးစီမံချက် (PMCT-Project)မှ ကျန်းမာရေးပညာပေး အထောက်အကူပစ္စည်းများ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ အကြိုဆန်းစစ်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း လှိုင်မြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် သားဖွားခန်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာ၊ မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှုတားဆီးရေးစီမံချက် စီမံချက်အရာရှိ ဒေါက်တာ ဝေမြင့်၊ ဒေါက်တာဖုန်းမူလှိုင်နှင့် ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်နှင့် ကျန်းမာရေးပညာ အရာရှိများ၊ လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့် အဖွဲ့ဝင်များ၊ အသင်းဝင် အိမ်ထောင်ဦးစီး အမျိုးသားများ၊ အိမ်ထောင်ရှင် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာမြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအနေဖြင့် မိခင်မှကလေးသို့ HIV ပိုး ကူးစက်မှု တားဆီးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်အောင်မြင်တိုးတက်မှုများအတွက် လုပ်ငန်းဆန်းစစ် ဆွေးနွေးသည့် နည်းလမ်းအကြောင်း အသိပညာပေး ဆွေးနွေးသည်။ ထို့နောက် ဗဟိုကျန်းမာရေးပညာဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်မှုကာကွယ်တားဆီးရေး ပညာပေးအထောက်အကူပစ္စည်းများ၏ အခန်းကဏ္ဍကို သရုပ်ပြရှင်းလင်းပြောကြားသည်။

ပါဝင်ဆွေးနွေးခဲ့

အဆိုပါ အကြိုဆန်းစစ်မှုတွင် အသင်းဝင်အိမ်ထောင်ဦးစီး အမျိုးသားများ၊ အိမ်ထောင်ရှင် အမျိုးသမီးများ၊ အရွယ်ရောက်ပြီး အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ပါဝင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို မေ ၁၉ ရက်တွင် နှစ်ကြိမ်နှင့် ၂၀ ရက် နံနက်ပိုင်းတွင် တစ်ကြိမ် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခွင့်ကောင်း ကြုံတုန်းမှာ လက်မလွှတ်စေလိုပါ
(အောင်သုခကုမ္ပဏီ၏ အထူးအစီအစဉ်)
♣ လက်ထဲတွင် ငွေအများကြီးရှိရန်မလို၊ ရင်းနှီးမြှုပ်နှံငွေထဲမှ ထုတ်သုံးစရာမလိုဘဲ ကိုယ်ပိုင်ခြံဝင်း၊လုံးချင်းတိုက်နှင့်နေနိုင်ပါပြီ။
♣ လစဉ်အရစ်ကျငွေသွင်းစနစ်ဖြင့် (၅)နှစ် အရစ်ကျ သွင်းရပါမည်။
♣ ငွေစတင်သွင်းသည့်ရက်မှ (၃)လအတွင်း ခြံနှင့်တိုက်ကို လက်ရောက်အပ်နှံပါမည်။မိမိသဘောအတိုင်းနေလိုကနေ၊ငှားလိုကငှား နိုင်ပါသည်။ငွေကျေမှ ဂရန်ထုတ်ပေးပါမည်။ (၅)နှစ်မပြည့်မီ လွှဲပြောင်းရောင်းချလိုပါက ကုမ္ပဏီ၏ ခွင့်ပြုချက်ကိုရယူရပါမည်။
♣ မြယမုံကမ်းသာယာအိမ်ရာစီမံကိန်း(River View)မှလုံးချင်းနှစ်ထပ်တိုက်များဖြစ်ပါသည်။ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက် (ပြည်ထောင်စုရိပ်မွန်နှင့် ပင်လုံရိပ်မွန် တို့၏အနီး)တွင်တည်ရှိပါသည်။
♣ ဆက်သွယ်ရန်လိပ်စာ-အောင်သုခကုမ္ပဏီ(၂၈/ဘီ)၊ဖိုးစိန်လမ်း၊ တာမွေ။
ဖုန်း-၅၄၄၃၀၇၊ ၅၇၀၀၄၄၊၀၉ ၂၀၄၂၀၅၇၊၀၉၈၀ ၂၀၄၁၈၊

သာသနာ့ဗေဓမျမင်္ဂလာပရိယတ္တိစာသင်တိုက်၌ ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မေ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသောမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေဓမျမင်္ဂလာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညိန္ဒအား ဂုဏဝိသိဋ္ဌပူဇာ သဘင်ကို နယုန်လပြည့်ကျော် ၃ ရက် (ဇွန် ၂ ရက်) စနေနေ့တွင် ယင်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပူဇာသဘင် ကျင်းပရေးကော်မတီမှ ရပ်ဝေးရပ်နီးနေ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား လာရောက်၍ အတူတကွ ပူဇော်ကြရန်နှင့် ဆက်သွယ် လှူဒါန်းလိုသူများ ဖုန်း-၅၄၁၀၀၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိတော့သဖြင့် ပျော်ဘွယ်မြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် မေ ၂၁

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဝင်းသိန်းနှင့် ဦးမောင်မြင့်တို့ နှစ်ဦးသည် ဧပြီ ၂၁ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပျော်ဘွယ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးအဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိတော့သဖြင့် ပါတီဝင်အဖြစ်မှလည်းကောင်း၊ မြို့နယ် စည်းရုံးရေးကော်မတီဝင်များအဖြစ်မှလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

နှစ်(၂၀) မြောက် မင်္ဂလာဆုတောင်း

၂၂-၅-၂၀၀၇ရက်တွင်ကျရောက်သော ဖေဖေ **ဒုတိယဗိုလ်မှူးကြီးဝင်းသော်** နှင့် မေမေ **ဒေါ်သီတာဦး**တို့၏ နှစ်(၂၀)မြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သမီးနှစ်ယောက်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောသီရိဂေဟာလေးသို့ သက်ဆုံးတိုင် ရွှေလက်တွဲ၍ မြဲမြဲခိုင်ခံ့တည်တံ့နိုင်ပါစေဟု ဆန္ဒပြုလျက်–

ချစ်သမီးကြီး – ဖူးဖူး(မဝင့်ဖူးသော်) (2nd Yr, GTU,Civil၊ မော်ဘီ)

ချစ်သမီးငယ် – ပိုးဥ(မဖူးပွင့်သော်) (Grade VI-B၊ အထက–၂၊ မင်္ဂလာဒုံ)။

နှစ်ထပ်တိုက် လုံးချင်း ရောင်းမည်

(စီးပွားရေးလုပ်ရန်နေရာကောင်း)

လသာမြို့နယ်၊ ကမ်းနားလမ်းမပေါ်ရှိ (20' x 140') မြေပိုင် (အမည်ပေါက်) ရေ+မီး+ဖုန်း(ပါဝါမီတာတစ်လုံး၊ ရိုးရိုးမီတာ နှစ်လုံး) နှစ်ထပ်လုံးချင်း အမြန်ရောင်းမည်။

ဖုန်း–၃၇၁၄၅၄၊ ၀၉–၈၀–၂၀၄၉၇။

ဟိုးဟိုးကျော်
ပေါ်ဆန်းမွှေး

ဖုန်းဆက်မေးကွယ်
ခပ်ချက်အသင့်ရှယ်
ထပ်ထပ်ပြီးဝယ်
အဆင်ပြေဆုံးပို့တယ်

Any call: 09 501 7886, 09 511 6063, 09 517 3737, 681263, 681243

ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ)ခေါ်ယူခြင်း

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အတွက် ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂ၊ စက္ကူ စာရေးကိရိယာ၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ) ခေါ်ယူအပ်ပါသည်။

တင်ဒါပိတ်ရက်မှာ – ၂၉–၅–၂၀၀၇ ရက် မွန်းတည့် ၁၂:၀၀ နာရီတိတိဖြစ်ပါသည်။

တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
ဖုန်း–၆၁၃၈၄၄၊ ၆၁၃၇၉၉၊ ၆၁၃၈၀၁။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ပါပစ္စည်းများပေးသွင်းရန် ချိပ်ပိတ်တင်ဒါများ သတ်မှတ်ပုံစံနှင့်တင်သွင်းနိုင်သည်–

(က)	6 Pocket Panel	(၅၃၅၀၀)ခု
(ခ)	8 Pocket Panel	(၁၉၇၅၀)ခု
(ဂ)	Float 32 cm	(၉၁၈၀)လုံး
(ဃ)	၂"ကျောက်ဆူး	(၈၆၄)လက်
(င)	ကွန်ကရစ်ကျောက်ဆူး(2'x6'x2.5")	(၇၅၆)လက်
(စ)	Drum Float	(၃၆၈)ခု
(ဆ)	24 mm နိုင်လွန်ကြိုးအနက်	(၇၄၀၈၈)မီတာ
(ဇ)	16 mm နိုင်လွန်ကြိုး	(၆၄၀၈၀)မီတာ
(ဈ)	8 mm နိုင်လွန်ကြိုး	(၁၀၈၀၀၀)မီတာ
(ည)	5 mm နိုင်လွန်ကြိုးအနက်	(၁၈၃၆၀)မီတာ
(ဋ)	14" Triangle Net	(၂၅၄၀၀)ခု
(ဌ)	Circle Net	(၁၅၀၀၀)ခု

၂။ **တင်ဒါပေးသွင်းရမည့်နေရာ** ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန အမှတ်၉၀၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။

၃။ **တင်ဒါစည်းကမ်းနှင့်ပုံစံရောင်းချမည့်နေ့** ၂၂–၅–၂၀၀၇ရက် မှ ၂၄–၅–၂၀၀၇ရက်အထိ

၄။ **တင်ဒါပိတ်သည့်နေ့** ၂၅–၅–၂၀၀၇ရက်၊ မွန်းတည့် ၁၂:၀၀နာရီ

၅။ အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် တယ်လီဖုန်းအမှတ်– ၅၇၈၄၇၀နှင့် ၅၆၄၇၅၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

လူပျောက်

အထက်ပါဓာတ်ပုံရှင် မထက်ထက် အသက်(၁၁)နှစ်သည် နေအိမ်မှ မုန့်စားထွက်သွားရာ ပြန်မရောက်လာဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်အကြောင်းကြားပါရန်နှင့် သွေးဆောင်ဖြားယောင်း လက်ခံထားရှိက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်းနှင့် တွေ့ရှိသတင်းပေးပို့သူအား ကျေးဇူးဆပ်ပါမည်။

ဒေါ်တင်မြိုင်
(၁၄၈)၊ အောင်မေတ္တာ ၂လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဦးကိုလေး ဖုန်း–၀၉–၅၁၂၉၀၄၆။

အမည်ပြောင်း

အဖ ဦးဇော်ထိုက်၏သား အလက(၂)ဗဟန်း၊ စတုတ္ထတန်း(B)မှ မောင်ဟိန်းထက်အောင်အား ယနေ့မှစ၍ မောင်သုတဇော်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်သုတဇော်။**

ဘွဲ့လွန်ဆေးပညာသင်တန်းများဝင်ခွင့်အတွက်လျှောက်လွှာခေါ်ယူ

ရန်ကုန် မေ ၂၁

၂၀၀၇–၂၀၀၈ခု ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ မဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံသင်တန်းများနှင့် ဆေးဝါးမဟာသိပ္ပံသင်တန်းဝင်ခွင့်အတွက် လျှောက်လွှာများခေါ်ယူထားသည်။

သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဇူလိုင် ၃၁ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

AA MEDICAL PRODUCTS LTD.

(For Local Service Only)

We are a leading Marketing and Distribution company and are looking for the well qualified personnel for the following post. Good remuneration package, commission & incentive will be offered for qualified persons.

National Sales Manager — **Male (1) Post**
- Not more than 35 years old
- Graduate of Sales & Marketing or Business Management
- minimum of 5 years experience as a Sales Supervisor preferably in a Pharma company
- Familiar with Myanmar's pharma wholesalers and retailers trade outlets and the Pharmaceutical Industry as whole

Distribution Center Manager — **Female (1) Post**
- Not more than 40 years old
- Graduate of Industrial Engineering, Business Management or other related fields
- Knowledgeable with all aspects of warehousing, inventory management, time studies, and logistics
- At least 3 years work experience in overall Warehouse Management & Systems

Assistant Distribution Center (DC) Manager — **Male/ Female (1) Post**
- Not more than 40 years old
- Graduate of Industrial Engineering, Business Management or other related fields
- Knowledgeable with all aspects of warehousing, inventory management, time studies, and logistics
- At least 2 years work experience in managing a warehouse

Regional Sales Supervisors — **Male (1) Post**
- Not more than 35 years old
- Graduate of Sales & Marketing, Business Management or other related fields
- Familiar with Myanmar Pharmaceutical business, Major Pharma wholesalers and retailers
- Minimum of 3 years experience as supervisor preferably in a Pharma company
- Must be willing to travel and be assigned in any parts of Myanmar

Trade Marketing Specialist — **Male/Female (1) Post**
- Not more than 30 years old
- Graduate of Marketing, Business Management or other related fields
- Minimum of 1 year work experience in Sales and/or Product Management

Systems/Database Administrator — **Male/Female (1) Post**
- Not more than 35 years old , Graduate of Information Technology
- Minimum of 1-year experience in systems and database administration
- Has a broad knowledge of operating systems, programming languages and hardware.
- Troubleshoots problems with networks, web services, mail services and other aspects of an ASP solution.
- Knowledgeable in the use of report writers (Infomaker, Crystal, Cognos), Willing to travel

Customer Care Representative — **Female (1) Post**
- Not more than 30 years old,Graduate of a 4-year course in Marketing, Business Management or other related fields, Minimum of 1 year work experience in customer service/ relations

Chief Accountant, CPA — **Female (1) Post**
- Not more than 35 years old, Graduate of B.Com(CPA)
- Minimum of 3 years work experience in Finance Management,Financial Reports i.e. Balance Sheet, Profit & Loss Report, etc.

Accountants — **Female (2) Post**
- Not more than 35 years old, Graduate of B.Com (or) DA (or) LCCI Level(III) Group Diploma
- Minimum of 1 year work experience in General Accounting i.e.bookeeping, trial balance, etc.

Sales Representatives
- အသက်(၃၅)နှစ်ထက်မကြီးရ။ Sales & Marketing (သို့) Business Management ဘွဲ့ရရှိသူကိုဦးစားပေးမည်။ မြန်မာနိုင်ငံရှိ ဆေးဝါးရောင်းချလျှက်ရှိသောလက်လီ/လက်ကားဆိုင်များ၊ ဆေးဝါးလုပ်ငန်းများနှင့်ရင်းနှီးကျွမ်းဝင်သူကို ဦးစားပေးမည်။ အရောင်းအဝယ်လုပ်ငန်းအတွေ့အကြုံရှိသူ၊ ဆေးဝါးရောင်းဝယ်သည့် ကုမ္ပဏီ၌လုပ်ကိုင်ဖူးသူကို ဦးစားပေးမည်။ ခရီးသွားလာနိုင်ရမည်။ လိုအပ်ပါက မြန်မာနိုင်ငံ၏မည်သည့်ဒေသတွင်မဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

Cashier — **Female (1) Post**
- အသက်(၃၅)နှစ်ထက်မကြီးရ။ စာရင်းကိုင်ဘွဲ့ရရှိရမည်။ Cashier လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိရမည်။

Administrative Assistant — **Female (1) Post**
- ဘွဲ့ရ။ အသက်(၃၀)နှစ်ထက်မကြီးရ။ လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိပြီး၊ ရုံးလုပ်ငန်းနားလည်သူ၊ လူမှုဆက်ဆံရေးပြေပြစ်သူနှင့် ရုံးသုံးပစ္စည်းများအားကိုင်တွယ်အသုံးပြုနိုင်သူဖြစ်ရမည်။

Computer/Data Encoder — **Male/Female (2) Post**
- ဘွဲ့ရ။ အသက်(၃၅)နှစ်ထက်မကြီးရ။ သိုလှောင်ရုံနှင့်ပတ်သက်သည့်လုပ်ငန်းများအားနားလည်တတ်ကျွမ်းသူကို ဦးစားပေးမည်။ ကွန်ပျူတာကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရမည်။

သိုလှောင်ရုံပစ္စည်းထုပ်ပိုးပြင်ဆင်သူ/ အထွေထွေလုပ်သား — **Male (5) Post**
- အသက်(၃၅)နှစ်ထက်မကြီးရ။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ မျက်စိအားကောင်းရမည်။ အနည်းဆုံး(၁၀)တန်းအောင်ရမည်။ ပစ္စည်းထုပ်ပိုးမှုလုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိသူကိုဦးစားပေးမည်။

သိုလှောင်ရုံပစ္စည်းစစ် — **Male (2) Post**
- အသက်(၃၅)နှစ်ထက်မကြီးရ။ မျက်စိအားကောင်းရမည်။ ဘွဲ့ရဖြစ်ရမည်။ သိုလှောင်ရုံလုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိသူကိုဦးစားပေးမည်။ စေ့စပ်သေချာသူဖြစ်ရမည်။

Interested applicants are requested to mail Curriculum Vitae to P.O. Box (905) within 7 days from this advertisement
Please send the following: Curriculum Vitae (CV) with two (2) passport size pictures and photocopies of the following documents:
Graduation Certificate, National Registration card, Labor Registration card, Police Clearance, Household Census lists

ကျေးဇူးဆပ်ပါမည် ကျွန်မ ချိုမာဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်–၆၇၅၇၁၃သည် ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၁၄၅၆၁၁။**

ကျေးဇူးဆပ်ပါမည် ကျွန်တော် သန်းမင်းစိုး၏ နိုင်ငံကူးလက်မှတ်အမှတ်–၅၂၄၂၉၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၁၅၅၃၆၆။**

ကြေးပိဋကတ် အလှူရှင်များ စုပေါင်းလှူဒါန်း

ရန်ကုန် မေ ၂၁

ကြည့်မြင်တိုင် သီတာရပ်ကွက် ကုက္ကိုလ်လမ်း အမှတ်(၆၁)နေ ဦးခင်စိုး– ဒေါ်ခင်ခင်တို့က ကြေးပိဋကတ် ပဋ္ဌာန်းပါဠိတော် ကြေးပြားငါးချပ်အလှူငွေကျပ် ၁၂၅၀၀၀၊ စမ်းချောင်း မကြီးကြီးလမ်း အမှတ်(၂၀/၂၂)(၇/C)နေ ဦးစိုးဝင်း–ဒေါ်ရီရီတို့ကကြေးပြားနှစ်ချပ် အလှူငွေကျပ်၅၀၀၀၀၊ ရွှေဘုံသာလမ်း (မှန်ချိုဆေးတိုက်) သမားတော်ကြီး ဦးလှဌေး–သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦးတို့က ကြေးပြားတစ်ချပ် အလှူငွေကျပ် ၂၅၀၀၀၊ မှန်ချိုဆေးတိုက် ဦးစိုးခိုင်ဝင်း–ဒေါ်အေးအေးပြုံးတို့က ကြေးပြားတစ်ချပ် အလှူငွေကျပ် ၂၅၀၀၀၊ ဒေါပုံမြို့နယ် ဦးမောင်ဝင်း–ဒေါ်စန်းစန်းအေးတို့က ကြေးပြားသုံးချပ် အလှူငွေကျပ် ၇၅၀၀၀၊ အင်းစိန်မြို့နယ် ၁၀မိုင် လေဆိပ်ရိပ်သာလမ်း အမှတ်(၁၈/B)နေ ဦးအောင်မြတ်–ဒေါ်ခင်သန်းဝင်း၊ သား မောင်စည်သူအောင်၊ မောင်အောင်သူဝင်း၊ သမီး မအေးမြဝင်းတို့က ကြေးပြားနှစ်ချပ် အလှူငွေကျပ် ၅၀၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံလာရောက်လှူဒါန်းကြရာ ဆရာတော်က ရေစက်ချ တရားချီးမြှင့်သည်။ **(ယာပုံ)** (က–ပ)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပုပ္ပကန်ကျေးရွာအုပ်စု နတ်စဉ်ကန်ကျေးရွာတွင် လေးလက်မ စက်ရေတွင်းကို ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း အလှူရှင်လှူဒါန်းငွေဖြင့် တူးဖော်လျက်ရှိရာ ဧပြီ ၁၀ ရက်က စက်ရေတွင်းကို လေမှုတ်စက်ဖြင့် ဆေးကြောခြင်းလုပ်ငန်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ရွှေရင်အေးစပါး စိုက်ပျိုးရေး တာဝန်ပေးအပ် စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေး သင်တန်းဖွင့်

လင်းခေး မေ ၁၄

လင်းခေးခရိုင် လင်းခေးမြို့နယ် ၂၀၀၇ခုနှစ် ရွှေရင်အေးစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားနှင့် စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁ရက် နံနက်၇နာရီခွဲက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့်အဖွဲ့၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးနှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာမှ တောင်သူဦးကြီးများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးက ၂၀၀၇ခုနှစ် မိုးရာသီ ရွှေရင်အေးစပါး စိုက်ပျိုးရေး တာဝန်ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်းက စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ယင်းမာပင်တွင် အိမ်တွင်းမှု သင်တန်းများဖွင့်

ယင်းမာပင် မေ ၁၂

ယင်းမာပင်မြို့တွင် အဆင့်မြင့် အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၁)၊ အခြေခံ အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၅) နှင့် အိမ်တွင်းမှုလက်မှု (ကြိမ်/ဝါး) သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် ညနေ ၃ နာရီက မြို့နယ် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တိုင်း အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး တာဝန်ခံ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြမြအေးက သင်တန်းအတွက် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် အဆင့်မြင့် သင်တန်းသူ ၁၀ဦး၊ အခြေခံအိမ်တွင်းမှု သင်တန်းသူ ၅၀နှင့် အိမ်တွင်းမှုလက်မှု(ကြိမ်/ဝါး) သင်တန်းသူ ငါးဦး စုစုပေါင်း သင်တန်းသူ ၆၅ဦးတို့ တက်ရောက် သင်ယူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၃ရက်က သာပေါင်းမြို့နယ် ငဝန်ကြို့ကုန်းအုပ်စု ကွမ်းခြံကုန်းကျေးရွာတွင် ဦးတင်ထွေး၏ ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိုးနိုင်အောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်၊ မျက်တွင်းမှန်များထည့်ပေး

မင်းဘူး မေ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မင်းဘူးခရိုင်မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်တိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်း၍ အလှူရှင် မိသားစုများ၏ လှူဒါန်းငွေဖြင့် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ခြင်း၊ မျက်တွင်းမှန် ထည့်ခြင်း အခမ်းအနားကို ဧပြီ ၂၉ရက် ညနေ ၄နာရီက ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအေးရွှေက လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မင်းဘူးခရိုင်ရုံးခန်းမတွင် ဧပြီ ၂၉ရက် နံနက်ပိုင်းက မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းဗိုလ်သန်း ဦးဆောင်သောအဖွဲ့က မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ ၇၄ရွာမှ မျက်စိဝေဒနာရှင်ပေါင်း ၄၈၃ဦးအား စမ်းသပ်ကြည့်ရှုစစ်ဆေးပြီး ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၃၂ဦးအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်း ဦးဆောင်သောအဖွဲ့က ခွဲစိတ်ခြင်း၊ မျက်တွင်းမှန် ထည့်ခြင်းများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)** မေလတွင် ခွဲစိတ်ရန်လိုအပ်သည့် မျက်စိဝေဒနာရှင် ၃၁ဦးအား ထပ်မံခွဲစိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ညောင်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် မေ ၂၁

သာကေတမြို့ ၁၀ တောင် ရပ်ကွက် ၁၀၈တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာတရားစခန်းတွင် ဝါဦးကာလ နယုန်လမှစ၍ လစဉ် လဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းကို လယ်တီဆရာတော်ကြီး၏ ကာယနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ပဓာနနာယက အရှင်ကေသရာဘိဝံသ ဆရာတော်က ဟောပြောပြသမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်မှ အမိန့်ကြော်ငြာစာ(၁/၂၀၀၇)ဖြင့် ဆရာတော်အား ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ကပ်လှူ အပူဇော်ခံရရှိမှုကို အကြောင်းပြု၍ ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော် ကုန်ကျမည့် မူလလေးထပ် ဓမ္မဗိမာန် တရားစခန်း တိုးချဲ့၍ သုံးနှစ်နှင့်အပြီး ဆောက်လုပ်ရာတွင် အရစ်ကျ အလှူရှင် ဂုဏ်ပြုမှတ်တမ်း ကမ္ပည်းကျောက်စာနှင့် ဝိဟာရဒါန၊ ဓမ္မဒါန အလှူပါဝင်လိုသူများ၊ တရားစခန်း ဝင်ရောက်လိုသူများ ဖုန်း–၅၄၇၀၂၅၊ ၀၉–၅၁–၃၅၅၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မတ် ၂၈ ရက်က မန္တလေး အောင်မြေ သာစံ မြို့နယ် ပြည်ကြီးကျက် သရေ အရှေ့ ရပ်ကွက် ရေဆိုး ထုတ် မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် မြို့နယ် စည်ပင် သာယာ ရေး သန့် ရှင်း ရေး ဝန်ထမ်းများ နှင့် မီးသတ် တပ် ဖွဲ့ ဝင် များ ပူးပေါင်း၍ သန့် ရှင်းရေး ဆောင် ရွက်စဉ်။ (၁၆၂)

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် ရန်ကြီးအောင်လမ်း အမှတ် ၁၃၅၃ နေ ဦးစိန်ဝင်း-ဒေါ်ချိုချို၊ သမီး မအေးအေးသွယ်၊ ဗိုလ်ကြီးစိုးနိုင် (ငြိမ်း)-ဒေါ်ခင်ဖြူ တို့က မောင်မြတ်မိုး မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်းပဒေသာ၊ ပစ္စည်းလေးပါးပဒေသာ၊ ရေ၊ မီး၊ ဆေးနှင့် စာအောင်ဆုနှင်းပဒေသာပင်များအတွက် အလှူငွေကျပ် ၁၃၅၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေစေတီဘုရား ဘက်စုံပြုပြင်ပြီးစီး

ပျော်ဘွယ် မေ ၁၇

ပျော်ဘွယ်မြို့ မြင်းဘက်တောင်ပိုင်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေစေတီဘုရား ဘက်စုံမွမ်းမံ တည်ဆောက်မှုများကို မေ ၁၄ရက်က သွပ်မိုးကျောင်းတိုက်နာယက ဆရာတော်ဘဒ္ဒန္တဇဋိလ၊ ပန်းစုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာသဖနှင့် ဂေါပကအဖွဲ့တို့က ဦးစီးဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ မူလသက်တမ်းနှစ် ၁၀၀ကျော်ရှိခဲ့ပြီဖြစ်သော စေတီတော် ထီးတော်သစ်တင်လှူခြင်း၊ ရုပ်ပွားရုပ်တုတော် နိပါတ်တော် သရုပ်ဖော်ပုံများ ထုလုပ် ပူဇော်ခြင်း၊ ရှေးရေကန်ဟောင်းကို ကျောက်သားအပြည့် ချလျက် စောင်းတန်း၊ အာရုံခံသစ်သွယ်တန်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ (၂၅၀)

ရန်ကင်းပြည်သာယာ(ကျိုက္ကဆံစူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို လမ်းမတော် ၁၃ လမ်း အမှတ် (၈၂) နေ ဖခင်ကြီး ဦးကိန်းထွန်းအားရည်စူး၍ ဒေါ်သိန်းညွန့်နှင့် သားသမီးတစ်စုက လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

(၆၅)ကြိမ်မြောက် သွေးလှူဒါန်း

မန္တလေး မေ ၁၅

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာဝေယန်ဘုံသာတိုက် အောင်နန်းရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိသုတ(လူမှုထူးချွန်ဒုတိယဆင့်) မျက်ကြည်လွှာနှင့် ခန္ဓာကိုယ်လှူဒါန်းထားသူ**(အပေါ်ပုံ)**သည် မန္တလေးမြို့ အမျိုးသား သွေးလှူဘဏ်တွင် မေ ၄ ရက်က (၆၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ယင်းမာပင် မေ ၁၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂/၂၀၀၇) ဖွင့်ပွဲ အခမ်းအနားကို မေ၂ရက် နံနက် ၉ နာရီက ယင်းမာပင်မြို့နယ် ပြည်သူ့ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဦးဝင်းမြင့်၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲနှင့် ကနီမြို့နယ်များမှ ဥက္ကဋ္ဌများနှင့် ရပ်ကွက်ကျေးရွာအဖွဲ့ဝင်များ၊ ယင်းမာပင်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ယင်းမာပင်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က သင်တန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်အတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ သင်တန်းသို့ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲနှင့်ကနီမြို့နယ်များမှ ရပ်ကွက်/ကျေးရွာအဖွဲ့ဝင် ၁၉၈ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် အဖွဲ့ ဧပြီ ၆ ရက်က ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော ကျောက်တံခါးမြို့ စိမ်းလဲ့ကန်သာ ပန်းခြံကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးဟိန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဟိုပင်မြို့ အင်းလေးကျေးရွာ အုတ်ခုံခံသစ်သားတံတား တည်ဆောက်ထားမှုကို မတ် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးစိုးညွှန့် ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအင်န်ခွန်အောင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သာယာဝဆိပ်ကမ်းတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ပလက်ဝ ဧပြီ ၂၉

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော သာယာဝဆိပ်ကမ်းတက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကျင်းပ

လှိုင်ကော် မေ ၁၆

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ သူနာပြုသင်တန်းကျောင်း၌ မေ ၁၂ ရက် နံနက်၁၀နာရီက ကျင်းပရာ အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် ကျန်းမာရေးမှူးနှင့် တာဝန်ရှိသူများ၊ သူနာပြုဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းလွင်က အမှာစကား ပြောကြားပြီး လွိုင်ကော်မြို့ သူနာပြုအသင်းခွဲ ဥက္ကဋ္ဌ လက်ထောက် ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်နန်းမေညွှန့်ကအပြည်ပြည်ဆိုင်ရာ သူနာပြုနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွဲ့စည်းပုံ

ဆက်လက်၍သူနာပြု (ဦးစီးအရာရှိ) ဒေါ်ခင်ထားကြည်က သူနာပြုများ၏ ဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးရှင်းလင်း စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

တံတားဦး မေ ၁၅

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာအုပ် စာစောင်၊ ငွေပဒေသာပင်များစိုက်ထူလှူဒါန်းပွဲကို မေ ၆ ရက် နံနက် ၉ နာရီက သဲမောင်းကန်ကျေးရွာ မြကန်သာ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ သဲမောင်းကန် ကျေးရွာ မြကန်သာစာကြည့်တိုက်အတွက် အလှူငွေကျပ် သုံးသောင်းနှင့် စာအုပ်စာစောင်၃၈၉အုပ်တို့ကို ကျေးရွာဥက္ကဋ္ဌက လှူဒါန်းရာ မြို့နယ် အတွင်းရေးမှူးက လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် အလှူရှင် ခြောက်ဦးတို့က အလှူငွေကျပ် ၂၂၀၀၀တို့ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မေ၃ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ဝမ်းပျက်၊ဝမ်းလျှောရောဂါ မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအနေဖြင့် အမှည့်လွန်သစ်သီးများ၊ လက်သုပ်မျိုးစုံများ မရောင်းချရေးနှင့် အသားငါးများ ယင်လုံအောင် ဖုံးအုပ်ရောင်းချရေးအတွက် ဒုတိယဦးစီးမှူး (ဈေး) ဦးကျော်ရွှေဦးနှင့် ကျန်းမာရေးမှူး ဦးဘိုလင်းတို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ပေးအပ်လှူဒါန်း

မေ ၁ ရက်က စဥ့်ကူးမြို့နယ် လက်ပန်လှကျေးရွာ အောင်မြေရတနာခန်းမ၌ ကျင်းပသော ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ ကျောင်းတိုက်များအတွက် ဒေါက်တာ ဦးအောင်ချို က ပဒေသာပင်အလှူငွေကျပ် ၁၁၈၀၀၀၀ နှင့် ဆွမ်းဆန်တော် ၂၁၅ တင်းကို ဆရာတော်ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့နာယက ဦးစောကြိုင်က လက်ခံယူစဉ်။ (က-ပ)

ကိုးတောင်ပြည့်စေတီများအတွက် အလှူငွေပေးအပ်

လယ်ဝေး မေ ၁၀

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် လောမြို့ ရေလည်ကွေ့ကျောင်းသစ်နှင့် ရန်ကင်းကျောင်းသစ်တို့တွင် တည်ထားကိုးကွယ်ကြမည့် ကိုးတောင်ပြည့် စေတီတော်များအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂ ရက် မွန်းလွဲ ၂ နာရီက ဇေယျာသိဒ္ဓိ ဇေယျာသိန်ကျောင်းသစ်တွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယ အရှင်သူမြတ်က ဩဝါဒကထာမြွက်ကြားတော်မူပြီး ပြည်တွင်းပြည်ပသာသနာပြုဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာဝံသ အရှင်သူမြတ်က အလှူငွေများ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းမြွက်ကြားတော်မူသည်။

ထို့နောက် ကနေဒါနိုင်ငံ တိုရန်တိုမြို့ မဟာဓမ္မိကရာမကျောင်းတိုက် ပဓာနနာယက ပြည်တွင်း ပြည်ပသာသနာပြု ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသက ရေလည်ကွေ့ကျောင်းသစ်နှင့် ရန်ကင်းကျောင်းသစ်တို့တွင် ကိုးကွယ်မည့် ကိုးတောင်ပြည့် စေတီတော်နှစ်ဆူ တည်ထားရန် အတွက် အမေရိကန်ဒေါ်လာ နှစ်ထောင်ကို K ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးအောင်ဇော်အား ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာ မဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်အတွက် အင်းစိန်မြို့ လမ်းသစ် အမှတ် ၉ နေ ဦးထင်ကျော်-ဒေါ်ချိုချိုဝင်းမိသားစုက သိမ်အတွက် အလှူငွေကျပ် တစ်သိန်းသုံးသောင်းနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအမကြီး ဒေါ်လှခင်စောက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ လှိုင်ကော်မြို့၌ ကျင်းပ

လှိုင်ကော် မေ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၏ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ကို မေ ၄ ရက် နံနက် ၈ နာရီက ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရသူများအား ဆုများချီးမြှင့်ကြကြောင်း သိရသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

လုပ်ငန်းဆိုင်ရာများ ထပ်ဆင့်ရှင်းလင်းပွဲ ရွှေဘို၌ကျင်းပ

ရွှေဘို မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ချမှတ်ပေးခဲ့ခြင်းနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၅ ရက် နံနက် ၈ နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်း

ရှေးဦးစွာ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းက ဧပြီ ၂၇ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ဝန်းသို၊ ကောလင်းနှင့် ပင်လည်ဘူးမြို့နယ် ဦးစီးမှူးများနှင့် ခရိုင်ဦးစီးအရာရှိနှစ်ဦးတို့၏ ဒေသအလိုက် လုပ်ငန်းဆောင်ရွက်ချက်တင်ပြချက်များအပေါ် တိုင်းဦးစီးမှူးက လိုအပ်သည်များကို တာဝန်ပေး မှာကြားသည်။

တွေ့ဆုံ

အလားတူ မေ ၃ ရက်ကလည်း မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းခရိုင်နှင့်မုံရွာခရိုင်တို့မှ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများကို တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပသည်။

(တိုင်း ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သာယာဝတီမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ် (ဆိုက်ကား) လိုင်စင်များ သက်တမ်းတိုးဆောင်ရွက်မှုကို မေ ၁၄ ရက်က အဖွဲ့ပိုင် ဆရာစံခန်းမဝင်း အတွင်း၌ ဆောင်ရွက်ရာဒုတိယ ဦးစီးမှူး (အခွန်) ဒေါ်နော်ဆာစေးဝါးနှင့် စည်းကမ်း ထိန်းဝန်ထမ်းများ စစ်ဆေးကြပ်မတ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ညောင်ရွှေမြို့ သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ညောင်ရွှေ မေ ၁၂

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းသည် မြို့သန့်ရှင်း သာယာလှပရေးအတွက် လမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များ ဝေဆာစွာဖူးပွင့်စေရေး ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က ရှင်းလင်းပြသကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မြို့သန့်ရှင်းရေး

မေ ၃ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးဖြိုးဝေအောင်နှင့် သန့်ရှင်းရေး ဝန်ထမ်းများ မြို့ဝင် မင်းကြီးတောင်ခြေ သာယာလှပစေရေးအတွက် မြို့သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လဆန်း ၈ ရက်
၂၃-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (ပဲခူးတိုင်း သနပ်ပင်မြို့နယ်က ဘဲသားပေါက်လုပ်ငန်းနှင့် ဘဲမွေးမြူရေးလုပ်ငန်း)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ(မေတ္တာပို့ သီချင်းကြီးများ)(ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (သင်ဘာကို မာနထားသနည်း-လှိုင်ဝေဝေ-မန်းတက္ကသိုလ်)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) တောင်ဇမ္ဗူပိုင်ယိုးဒယား (အေးသန့်ဇင်ဦး)
(၂) သခွတ်လည်တည့်အစချီ ခွန်းထောက်နှင့် မိုးလုံးပတ်လည်ပဒေသာ (စန္ဒရားဘသန်းတင်နှင့် ရွှေကူ နန်းခွဲ့ခွဲ့)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချည်မှားသောကြိုး (ဒလခင်ထွေးရီ)
(၂) စိမ်း (ကိုမြင့်ဆွေ)
(၃) သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မယ် (လှမိအေး)
၁၇း၃၀ အစာနှင့်အာဟာရ (ဒူးရင်းသီး)
၁၇း၄၅ သူ့လက်သံ(အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဆုရ ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူတို့၏ စောင်းလက်သံ)
၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) ဗုဒ္ဓမြတ်စွာအပေါ် ကမ္ဘာကျော်ပုဂ္ဂိုလ်များ အမြင် (ကိုရင်ဩ)
(၂) အိပ်မက်လမ်းဆုံး(သဲအောင်)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လေဆာဝေါတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်သူနားခိုရာ တေးစီးရီး)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ထားသခင် (ရေနံ့သာစိုးလှိုင်)
(၂) အစိမ်းရင့်ရာသီ (ခင်ညွန့်ရည်)
(၃) ခွင့်မပန်ဘဲ သွားပါနဲ့ကွယ် (တင်ဦးလေး)

လိုတရစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်နှင့် အလှူငွေများလှူဒါန်း

ကျောက်ဖြူ မေ ၁၆

ကျောက်ဖြူမြို့နယ် မင်းဂံကျေးရွာ လိုတရစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းပွဲကို မေ ၉ ရက် မွန်းတည့် ၁၂ နာရီက မင်းဂံကျေးရွာ မူလတန်းလွန်ကျောင်း ခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပထမဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စနစ်တကျဆောင်ရွက်ရေးလုပ်ငန်းများ ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်ဒီးက လိုတရစာကြည့်တိုက်တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းက ၂၁ လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့်မြို့နယ် ဦးစီးမှူး ဦးသိန်းထွန်းအောင်က ရေဒီယိုတစ်လုံးကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌကလက်ခံယူသည်။

လက်ခံ

ထို့နောက် ကျေးရွာလူငယ် လူရွယ်များက စုပေါင်းလှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို ဦးမောင်သာဒင်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးလှမြင့်က လက်ခံယူသည်။

ရှင်းလင်း

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းအောင်က စာတမ်းဖတ်ပွဲနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

HQ Electronics ဆိုင်အသစ်ဖွင့် အထူးဈေးနှုန်း

အိမ်သုံး၊ စီးပွားရေးသုံးလျှပ်စစ်ပစ္စည်းများ Aircon ရေခဲသေတ္တာ HQ Cancooler များ အဝတ်လျှော်စက်အမျိုးမျိုး TV, DVD နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးအား အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပြီ။

မဟာဗန္ဓုလပန်းခြံရှေ့ ပန်းခြံကားဂိတ်၊ ဘားလမ်းအောက်ဘလောက်။ ဖုန်း ၃၇၆၉၉၇၊ ၂၄၁၀၇၇

MCC ICT Professional Training Program

Professional Career
(ပညာရှင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်း)

Pre SE | ICT Expert User | Web Application | Network Professional | DataBase Management

ကျောင်းစိတ်ကြိုက် အထူးနှုန်းဖြင့် စာရင်းသွင်းနိုင်ပြီ

MCC ICT Foundation Course

MCC သိမ်ကြီးဈေး(စီ)ရုံ၊တတိယထပ်၊အဆောင်(၃-၄)၊ ☎ ၂၄၅၇၆၂/၂၄၅၇၅၈

လိုအပ်သော အမျိုးအစားများ Order လက်ခံသည်

ပီနံမိုးရေကာဖျင်

အထူ 20 kg မှ 45 kg ထိ
အရောင် လိမ္မော်-ပြာ ၊ ခဲ-ပြာ ၊ စစ်စိမ်း-ခဲ
6 ပေ x 100 ကိုက် အလိပ်
အသင့်မိုးကာပ်ပြီး 12 x 12 ပေ ၊ 12 x 15 ပေ
12 x 18 ပေ ၊ 15 x 15 ပေ ၊ 18 x 18 ပေ
18 x 24 ပေ ၊ 21 x 21 ပေ ၊ 24 x 24 ပေ
ခေတ်မီစက်များဖြင့် မိုးကာပ်၊ကွင်းဖောက်ပေးသည်။

DECO-LAND CO.,LTD.
1.NO.145, U MYE STREET,
HLAING THAR YAR INDUSTRIAL ZONE (4).
2.BUILDING A, ROOM 11/12, THANTHUMAR ROAD, NEAR YAENANTHAR MARKET, THUWUNA T/S , YANGON.
Phone: 01685218,5012565,5202390 01685279,01685064,01244007
E-mail: decoland@myanmar.com.mm

ဝန်ထမ်းအလိုရှိသည်
(ကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

၁။ ပစ္စည်းထိန်း — ကျား (၂) ဦး
အသက်(၄၀)အောက်ဘွဲ့ရ
၂။ B.E (Mechanical)
၃။ B.E (E.P) — ကျား/မ(၅)ဦး
၄။ B.E (E.C)
အသက်(၂၅)နှစ်အောက်
၅။ (B.Com/LCCI III / Any+ D.A) — မ (၂) ဦး
အသက် (၃၀)အောက်

ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန်အတွက် စိတ်ဝင်စားပြီး လုပ်ငန်းအတွေ့အကြုံရှိသူများ ကြော်ငြာသည့်ရက်မှ နှစ်ပတ်အတွင်း ကိုယ်ရေးမှတ်တမ်း၊ ပညာအရည်အချင်း၊ အလုပ်သမားမှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်နှင့်အတူ လျှောက်ထားနိုင်ပါသည်။

ဦးစိန်လှိုင်၊စစ်မှုထမ်း(အငြိမ်းစား)
(GBS)ကုမ္ပဏီလီမိတက်၏ တရားရုံးချုပ်ရှေ့နေ၊
၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၇၇၁၄၊ ၀၉-၅၁-၆၇၁၇၈။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄၀၄ (အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးဝင်းဆင့် ၂။ ဒေါ်နီနီ
တရားနိုင် **တရားရှုံး**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၃၅၀တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဇွန်လ ၂၂ ရက်၊(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ရတနာမာန်အောင်ရပ်ကွက်ရှိ အကွက်အမှတ် (ဂ/က ရတနာမာန်အောင်ရပ်) ဦးပိုင်အမှတ် ၅၈ မြေကွက်အမှတ် ၆၈၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိမြေ၊ ၎င်းမြေပေါ်တွင် လူနေနှစ်ထပ်တိုက် (၄၅ x၃၈)ပေ သွပ်မိုး အုတ်ကာ ၁၄လက်မ အုတ်ထူ အပေါ်လှျာထိုးခင်း၊ အောက်ကွန်ကရစ်ခင်း၊ ဧည့်ခန်း၊ မီးဖိုချောင်၊ ကားဂိုဒေါင်၊ မြေအောက်ခန်း၊ ရေချိုးကန်၊ ရေကန်သုံးလုံး၊ အုတ်တံတိုင်း၊ သံပန်းတံခါး။

လေလံကြမ်းခင်းဈေးကျပ် သိန်း (၅၂၀)
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်းတရားရုံး။

ဤအဘိဓာန်တွင်
• စကားလုံး နှင့် စကားစု ၃၀,၀၀၀
• နမူနာ ဝါကျပေါင်း ၈,၀၀၀
• Phonetic ပါသည်။


THALUN Bookstore Yangon

ကျောင်းသူ/ကျောင်းသားများအတွက်
သာလွန် အင်္ဂလိပ်စာပြီးနှင်းများ
(ပထမတန်းမှ တက္ကသိုလ်ဝင် တန်းအထိ) အမြို့မြို့စာအုပ်ဆိုင်တိုင်းမှာရရှိနိုင်ပါသည်။
တစ်ပြည်လုံးဖြန့်ချိရေး-သာလွန် ၁၈၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၄၄၁၈၊ ၂၄၂၀၃၈၊ ၂၄၉၂၂၈၊ ၀၉၅၁၁၀၅၁၃

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁)Office Manager — ကျား(၁)ဦး၊
ဘွဲ့ရအသက်(၃၅-၄၅)နှစ် အတွင်း၊ထုတ်ကုန်/သွင်းကုန်လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။
(၂)စက်မှုအင်ဂျင်နီယာ — ကျား(၂)ဦး၊
B.E(Mechanical),AGTI(MP/MT)အသက်(၃၅-၄၀)နှစ်အတွင်း ၊လုပ်ငန်းအတွေ့အကြုံ(၄)နှစ်ရှိရမည်။
(၃)တွင်ခုံ အော်ပရေတာ(ITC/THS) — ကျား(၁)ဦး၊
အသက်(၂၅-၄၀)နှစ်အတွင်း၊တွင်ခုံလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
(၄)စက်ပြင်တာဝန်ခံ(ITC/THS) — ကျား(၁)ဦး
အသက်(၂၅-၄၀) နှစ်အတွင်းလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည်ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ အောင်လက်မှတ် မိတ္တူ၊ရပ်ကွက်ထောက်ခံစာ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်တကွကြော်ငြာပါသည့် နေ့မှတစ်ပတ် အတွင်း အမှတ်(၂၁၆/၂၂၂)ဒီ-၂၊ဗိုလ်မြတ်ထွန်းအိမ်ရာ၊(၄၉)လမ်း၊ပုဇွန်တောင်မြို့နယ်သို့လာရောက်လျှောက်ထားနိုင်ပါသည်။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉၃ (အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးသီဟန် ၂။ ဒေါ်အုံးရင်
တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်၁၆၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇွန်လ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် အကွက်အမှတ်(ဂ/အောင်ဇေယျာ) မြေကွက်အမှတ်(၁၂၂) ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေနှင့် မြေပေါ်ရှိ (၂၈x ၁၈)ပေရှိ နှစ်ထပ်တိုက်တွဲလျက် (၉x၉)ပေရှိ မီးဖိုချောင်။

လေလံကြမ်းခင်းဈေးကျပ် (၉၅) သိန်း
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်းတရားရုံး။

အမည်ပြောင်း
တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် စခန်းသစ်ရွာနေ အဖ ဦးဉာဏ်ဝင်း၏သမီး မမာမာဝင်း ၆/ကစန (နိုင်) ၀၆၇၈၀၈အား ယနေ့မှစ၍ မခင်ကြာညိုသင်းဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ကြာညိုသင်း။**

အမည်ပြောင်း
ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်း(E) မှ အဖ ဦးကိုကိုလတ်၏ သမီး မချယ်ရီထွန်းအား မခင်စပယ်ဖူး ဟုခေါ်ပါရန်။**မခင်စပယ်ဖူး။**

သင့်သွေးဖြင့် အသက်ကယ်ပါ

တိုက်ခန်းရောင်းမည်
၄၅ပေ x၁၃ပေ နှစ်ထပ်တိုက်၊ အခန်း (၃)၊ တိုက် (၁)၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်ရပ်၊ တာမွေ၊ ရေ၊ မီး၊ ဖုန်းပါ၊ အသင့်နေနိုင်သည်။
ဆက်သွယ်ရန်
ဖုန်း- ၅၇၃၃၇၂၊ ၅၅၂၇၃၆။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဘဟိန်း (ငြိမ်း)
တပ်မတော်ပညာရေးကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၈၂)နှစ်

လေးစားရပါသော ဒေါက်တာမြင့်ဟန်(သမားတော်ကြီး၊ရန်ကုန်ဆေးရုံကြီး)ဇနီး ဒေါက်တာမေစိုးဦးတို့၏ဖခင် ဗိုလ်မှူးဘဟိန်း(ငြိမ်း)သည် ၆-၅-၂၀၀၇ရက်တွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ဦးအောင်သာကျော် မိသားစု(ဆေးဆိုင်)ဆေးရုံကြီး
စစ်တွေမြို့။

ရေစီးရေလာကောင်းမွန်ရေး

ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် လမ်းမတော်လမ်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွန့် ကြီးကြပ်ဆောင်ရွက်မှုကို မေ ၉ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မင်္ဂလာဒုံ သမိုင်းဝင် ကျိုက္ကလဲ့စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး လှူဒါန်းနိုင်

ရန်ကုန် မေ ၂၁

မင်္ဂလာဒုံမြို့နယ်သမိုင်းဝင်ကျိုက္ကလဲ့စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းကို ဂေါပကအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ပထမအရစ်အနေဖြင့် ထီးတော်ကြီးမှ ဖောင်းရစ်တော် ခုနစ်ရစ်အထိ ရောင်တော်ဖွင့်ပြီး ဖြစ်သည်။ ဆက်လက်ပြီး ကျန်ရှိနေသော ပန်းဆွဲတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယ အရစ်ကို ဆက်လက် ဆောင်ရွက်လျက်ရှိရာ ဗိုလ်ချုပ်ဝင်းသန်း၊ ဇနီးဒေါ်ရီရီဝင်းက ငွေကျပ်တစ်သိန်း၊ ဦးဇော်လင်းထူး၊ ဒေါ်ကျော့ကေသွယ်ကငွေကျပ်နှစ်သိန်း၊ ဦးကျော်စိန်၊ ဒေါ်မေရှုက ငွေကျပ်တစ်သိန်း၊ ကြည့်မြင်တိုင် ဈေးသူဈေးသားများက ငွေကျပ်ခြောက်သောင်း၊ ဦးမောင်စိန်-ဒေါ်ညွန့်တင်က ငွေကျပ်သုံးသောင်း၊ ဦးထွန်းဝင်း-ဒေါ်စိုးစိုးဝင်းက ငွေကျပ် သုံးသောင်း၊ ဦးလှအေး-ဒေါ်ထွေးရီ၊ ဦးသန်းလွင်-ဒေါ်ချိုချိုစံ၊ ဗိုလ်ကြီးသိန်းဝင်း-ဒေါ်နွဲ့နွဲ့ဦး၊ ဦးမျိုးနိုင်-ဒေါ်နီနီတင်၊ ဦးထွန်းထွန်း-ဒေါ်ဌေးဌေး၊ ဦးဘို-ဒေါ်သိန်းကြည်၊ ဦးထွန်းလှဖြူ-ဒေါ်မဖြူ၊ ဦးခင်မောင်ထွေး-ဒေါ်စန်းစန်းဝင်း၊ အရာခံဗိုလ်စိမ်းမောင် - ဒေါ်စီစီမာ၊ ဗိုလ်မှူးစိုးမြင့်-ဒေါ်ညွန့်ညွန့်တင်၊ ဗိုလ်ကြီးစိုးဝင်း-ဒေါ်ခင်ထွေးရီ၊ ဒေါ်ယဉ်မေနှင့်ဖော့ကန်-အင်းစိန်ယောဂီများ၊ ဦးဇေယျာထွန်းနှင့်အဖွဲ့တို့က ငွေကျပ်၁၅၀၀၀စီကိုလှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းနိုင်

ဆက်လက်ပြီး စေတီတော်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်ရန်အတွက် လိုအပ်နေသော ကိုးလက်မပတ်လည် ကြေးပြားအချပ်ရေ ၂၀၀၀ ကျော် တစ်ချပ်လျှင်ငွေကျပ် ၇၀၀၀နှုန်းဖြင့်လည်းကောင်း၊ ရွှေချပြီးငွေကျပ် ၁၅၀၀၀နှုန်းဖြင့်လည်းကောင်း၊ ရွှေဆိုင်းတစ်ဆိုင်းလျှင်ငွေကျပ် ၂၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တမ ဖုန်း-၆၃၅၂၅၉ သို့လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း- ၆၃၉၅၀၁၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၆၃၆၃၁၀နှင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၆၃၆၀၂၀တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ကျေးလက်အိမ်ရာ

ဓနုဖြူမြို့နယ် ညောင်ချောင်းကျေးရွာတွင် ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို မေ ၃ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၈၅)

နိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အားတွေ့ဆုံ

နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ယနေ့ညနေ ၄နာရီက နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ **စာမျက်နှာ ၉ ကော်လံ ၅ ✻**

မိုးလေဝသအခြေအနေ ၂၂-၅-၂၀၀၇

နေပြည်တော် — နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ရန်ကုန် — ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေး — မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် မေ ၂၁

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒီနေရာမှာ အချို့သော နိုင်ငံရေးလှုပ်ရှားနေသူများကို သီးသန့် ပြောချင်သည်မှာ နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်နှင့် လုပ်လို့မရဘူး ဆိုသည်ပင် ဖြစ်ပါသည်။ နိုင်ငံရေးဆိုတာ လက်တွေ့သဘော ဆောင်ပါသည်။ ထို့ကြောင့် နိုင်ငံရေးသိပ္ပံပညာ (Political Science)ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ ထောင်ထဲမှာ စိတ်ကူးယဉ်ခဲ့သမျှတွေကို မြန်မာ့နိုင်ငံရေးထဲ သွတ်သွင်းဖို့ မကြိုးစားသင့်ပါ။ နောက်ပြီး အင်္ဂလန်တို့၊ အမေရိကန်တို့က လူတွေပြောသည့်နိုင်ငံရေးစကားကို ပုံတူကူးချပြီး မြန်မာနိုင်ငံမှာပြောလျှင် မှားသွားပါလိမ့်မည်။

ငါးမင်းဆွေ၏ ဘာအရေးကြီးသလဲ ဆောင်းပါး (စာ - ၄)

22-5 (20) 1 5/21/07, 1:29 PM